# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကို ရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 21 December 2017 ၉၁၄၅


# နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် မိသားစုတို့အတွက် လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ်တော်မွေးနေ့အကြို ဆုတောင်းမေတ္တာပို့သ



နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် မိသားစုတို့အတွက် လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ်တော်မွေးနေ့အကြိုအဖြစ် နိုင်ငံတော်သမ္မတအိမ်တော်၌ ဆုတောင်းမေတ္တာပို့သကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် မိသားစုတို့အတွက် နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင် ဦးဆောင်သော အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းမေတ္တာပို့သကြသည်။

ရှေးဦးစွာ နေပြည်တော် သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ အသင်းသူ အသင်းသားများက ခရစ္စမတ် ဓမ္မတေးများ သီဆိုကြပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြသည်။

ယင်းနောက် သိက္ခာတော်ရဆရာ ဦးစောအောင်အောင်လွင် က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Foreign Secretary အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Foreign Secretary ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံ၏ အကူအညီပေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**




ကြေးမုံ

# ငြိမ်းချမ်းခြင်း အသီးအပွင့်ဝေဆာ

နိုင်ငံတော်အစိုးရ၏ တန်ဖိုးအထားဆုံး ကြိုးပမ်းအားထုတ်မှုတစ်ခုမှာ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အပေါ် အခြေခံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အောင်မြင်အောင် ဆက်လက်ဖော်ဆောင်ပေးရေး ဖြစ်သည်ကို သိရှိထားကြပြီးဖြစ်မည်။ ငြိမ်းချမ်းရေး အသီးအပွင့်များ တချို့တစ်ဝက်ရရှိထားပြီး အလုံးစုံဆက်လက်သီးပွင့်ဝေဆာစေရန် ကြိုးပမ်းဆောင်ရွက်နေသည်။

ရရှိထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးအသီးအပွင့်များ ဆက်လက်ရှင်သန်အောင်မြင်ပြီး ဖူးပွင့်ဝေဆာသော ပြည်ထောင်စုပန်းခင်းကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းအားထုတ်ရာ၌ ဘိုးဘွားများ တည်ဆောက်ပေးခဲ့သည့် (၂၀)ရာစု ပင်လုံညီလာခံကြောင့် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိစေခဲ့သည့် ရေခံမြေခံကောင်းဖြစ်ခဲ့သည်ကို မျက်မှောက်ကာလ ငြိမ်းချမ်းရေး အသီးအပွင့်ခံစားနေကြရသူများ သိရှိထားကြပြီးဖြစ်ပေလိမ့်မည်။

မျက်မှောက်ကာလတွင် (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီး တတိယအကြိမ်မြောက် ညီလာခံကို မကြာမီကျင်းပတော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးခရီးလမ်းသည် ခက်ခဲကြမ်းတမ်းပြီး လွယ်လွယ်ကူကူ ရရှိနိုင်သည့်အရာ မဟုတ်ချေ။ စိန်ခေါ်မှုများစွာလည်း ရှိသည်။ နှောင့်ယှက်မှု မျိုးစုံလည်းရှိသည်။ ငြိမ်းချမ်းရေး၏ အဓိကလိုအပ်ချက်မှာ ယုံကြည်မှုကို တည်ဆောက်နိုင်သည့် စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။

(၂၀)ရာစုပင်လုံ ညီလာခံကျင်းပရခြင်းသည် လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသခြင်းပင်ဖြစ်သည်။ (၂၁)ရာစုပင်လုံ ညီလာခံကျင်းပရခြင်းသည် ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်းပင်ဖြစ်သည်။ (၂၀)ရာစုပင်လုံညီလာခံ အောင်မြင်ပြီး လွတ်လပ်ရေးရရှိရန်အတွက် ပင်လုံညီလာခံမတိုင်မီ ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များသည် တောင်တန်းနှင့်မြေပြန့်ရှိ တိုင်းရင်းသားများနှင့်ပြည်သူများအား တွေ့ဆုံဆွေးနွေးပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင်များနှင့် အကြိမ်ကြိမ်ဆွေးနွေး၍ အဖြေထုတ်နိုင်ခဲ့သည်။ ဗြိတိသျှအစိုးရနှင့်လည်းကောင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း ညှိနှိုင်းအဖြေထုတ်နိုင်ခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့အား တညီတညွတ်တည်းထောက်ခံခဲ့သည့် ပြည်သူလူထု၏ တွန်းအားများကြောင့် ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် သမိုင်းဝင်မည့် ပင်လုံစာချုပ်ကို တောင်တန်းမြေပြန့် မခွဲခြားဘဲ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

(၂၁)ရာစုပင်လုံညီလာခံ အောင်မြင်ပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် ညီလာခံမကျင်းပမီ တိုင်းရင်းသားခေါင်းဆောင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးရသည်။ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ တောင်တန်းမြေပြန့် အနှံ့သွားရောက်ပြီး ယုံကြည်မှုကို တည်ဆောက်ရသည်။ အားလုံးသဘောတူနိုင်မည့် အခြေခံမှုများကို ရှာဖွေကြရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုကြောင်း၊ ထောက်ခံကြောင်း၊ ငြိမ်းချမ်းရေးကို ငံ့လင့်နေကြောင်း ပြည်သူ့သဘောထားများ၊ ပြည်သူ့ဆန္ဒများ၊ ပြည်သူလူထု၏ ထောက်ခံမှုတို့ကို ရယူကြရသည်။

ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးကို ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်စေရန်အတွက် ကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်မြင် ကောင်းမွန်သည့် ရလဒ်များ ထပ်မံရရှိရန်အတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် ၎င်းတို့၏ဒေသများအတွက် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍကြီး ငါးရပ်ကို တတိယအကြိမ်အစည်းအဝေးတွင် တင်သွင်းဆွေးနွေးကြပြီး မိမိတို့၏ ဒေသအကျိုးစီးပွားအတွက် ကောင်းမွန်သည့် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသော အဖွဲ့များအနေဖြင့် ထိုအခွင့်အလမ်းကောင်းများကို မရရှိနိုင်သေးဘဲ မငြိမ်းချမ်းသည့် အသွင်ဆောင်နေသေးသည်။ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ပေးထားပြီးဖြစ်၍ ပြည်ထောင်စုသားအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲရပ်တည်နိုင်ပြီး ငြိမ်းချမ်းရေးအသီးအပွင့်များကို မျှဝေခံစားနိုင်ရန် ပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေး သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့သည် ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)သို့ ရောက်ရှိပြီး Assembly Shop တွင် လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေးတို့က လူနာတင်ယာဉ်များအား နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်ရန်နှင့် လက်ရာသေသပ်စေရေး၊ ကျန်းမာရေးလိုအပ်ချက်နှင့် ကိုက်ညီစေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ လက်တွေ့သရုပ်ပြတပ်ဆင်နေမှုများကို စနစ်တကျ လေ့လာမှတ်သားပြီး မိမိတို့ကိုယ်တိုင် တပ်ဆင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော လူနာတင်ယာဉ်များ ထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျ Standard Operating Procedure (SOP) ချမှတ်၍ Check List နှင့် တစ်သဝေမတိမ်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကလိုအပ်လျက်ရှိသော ပဋိဇီဝဆေးများကိုလည်း ပိုမိုထုတ်လုပ်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနအတွက် လိုအပ်လျက်ရှိသော အုပ်ချုပ်မှုသုံးယာဉ်များ ထုတ်လုပ်ပေးနိုင်ရေး၊ ဆေးရုံသုံး စတီးလ်အသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်ပေးနိုင်ရေးနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် သာဂရရှိ အမှတ်(၁၅)အကြီးစားစက်ရုံနှင့် အမှတ်(၂၆) အကြီးစားစက်ရုံတို့တွင် ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်လှူဒါန်းမည့် တန် ၅၀၀ ဆံ့ သီးနှံ (စပါး)သိုလှောင်ရုံ (Silo) များကို ထိုင်းပညာရှင်များနှင့် ပူးပေါင်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၉၁၆၀၀၀ - ၉၁၆၀၀၀၊ မန္တလေး(ရွှေဈေး) ၉၁၆၀၀၀ - ၉၁၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၂၅/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၆. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၇၂၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၈. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၇၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ခရစ္စမတ်အကြို ခရစ်တော်မွေးနေ့အမှတ်တရ သံဃာတော်အပါး ၁၀၀ အား ရိုမန်ကက်သလစ် ကလေးသာသနာမှ နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**ကလေး ဒီဇင်ဘာ ၂၀**

ဒီဇင်ဘာလသည် ယေရှုခရစ်တော်မွေးဖွားသောလဖြစ်သည်နှင့်အညီ ခရစ်ယာန်ဘာသာဝင်တို့အတွက် အပျော်ရွှင်ဆုံးလ၊ ချစ်ခင်ရင်းနှီးရသူတို့အား အမှတ်တရလက်ဆောင်များပေးပြီး ကုသိုလ်ယူသောလရာသီဖြစ်ရာ ကလေးမြို့နယ်ကက်သလစ်သာသနာပိုင်(RC) ဂိုဏ်းအုပ်ဆရာတော်ကြီး ဖဲလစ်လျန်ခင်းထန်သည် သူငယ်တော်ယေရှု၏ မွေးနေ့ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာ နှစ်ဘာသာချစ်ကြည်ရင်းနှီးကြစေရန် အကျိုးငှာ စည်းလုံးညီညွတ်ရေးကိုဦးတည်၍ ၂၀၁၇ ခုနှစ် ခရစ္စမတ်အကြိုအထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ဆရာတော်၊ သံဃာတော်အပါး ၁၀၀ တို့အား ခရစ်တော် မွေးနေ့အမှတ်တရ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ရိုမန်ကက်သလစ်ကလေး သာသနာနယ်ဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများဥက္ကဋ္ဌ ကလေးရိုမန်ကက်သလစ်သာသနာပိုင်(RC) ဂိုဏ်းအုပ်ဆရာတော်ကြီး ဖဲလစ်လျန်ခင်းထန်က ဝမ်းမြောက်မေတ္တာစကားမိန့်ကြားပြီးနောက် ကလေးမြို့နေသာပညာဒါနနှင့် ကာယကံမေတ္တာလူမှုကူညီရေးအသင်း ဦးဆောင်ပဓာနနာယကဆရာတော်ဘဒ္ဒန္တ ခမ္မိက က ဝမ်းမြောက်မေတ္တာစကား ပြန်လည်မိန့်ကြားသည်။ ယင်းနောက် ကြွရောက်တော် မူလာကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများပြုလုပ်ပြီးနောက် ရိုမန်ကက်သလစ်ကလေးသာသနာပိုင်ဆရာတော်က သံဃာတော်များကို အမှတ်တရလှူဖွယ်ပစ္စည်းများ လက်ရောက်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ချမ်းမြေ့အောင်စည်ဆရာတော်က မြန်မာနိုင်ငံကက်သလစ်ဘုန်းတော်ကြီးများအဖွဲ့ဥက္ကဋ္ဌ ရိုမန်ကက်သလစ်ကလေးသာသနာပိုင်ဆရာတော်အား အမှတ်တရလှူဖွယ်ပစ္စည်းများ ပြန်လည်ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဆရာ တော်၊ သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသည် ဘာသာဝလေ့ထုံးစံမပျက်စေရန်နှင့် စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်လျက် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများဦးဆောင်၍ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရိုမန်ကက်သလစ်အသင်းတော်များ၏ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ခရစ္စမတ်အကြိုအထိမ်းအမှတ်ပွဲတော်ကိုကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဒုတိယကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

---

**☆ ရွှေဖုံးမှ**

နိုင်ငံတော်သမ္မတနှင့်ဇနီး မိသားစုတို့အတွက် ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နေပြည်တော်သပြေကုန်းရပ်ကွက်ရှိ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အသင်းသူ အသင်းသားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး သိက္ခာတော်ရ ဆရာ ဦးစောအောင်အောင်လွင်က ခရစ္စမတ်လက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

---




# နယူးဒေလီမြို့တော်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နှစ်နိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် TA TA Power Delhi Distribution Limited (TA TA Power DDL) က ဆောင်ရွက်နေသော Power Distribution Unit သို့ ရောက်ရှိရာ တာဝန်ရှိသူများက နယူးဒေလီမြို့တော်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် Distribution Unit ၏ Control Room အတွင်း ဓာတ်အားထိန်းချုပ် ဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှု

**ပေါင် ဒီဇင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော် ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ပြည်နယ်စီမံကိန်းတာဝန်ခံများသည် ဒီဇင်ဘာ ၁၉ ရက်တွင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုကာ ကျေးရွာလူထုနှင့်ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပေါင်မြို့နယ်ဥတ္တံတားကျေးရွာနှင့် သပြုချောင်ကျေးရွာများသို့ ရောက်ရှိပြီး အမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာလူထုက စီမံကိန်းပထမနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများနှင့် ဒုတိယနှစ်စက်ဝန်းစတင်ဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။**ကြေးမုံ**

---

# ခရစ်တော်မွေးနေ့တော် (ခရစ္စမတ်)အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာနှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတို့က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့တော်(ခရစ္စမတ်) အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ မက်သဒစ်(အင်္ဂလိပ်) အသင်းတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ပြီး ခရစ္စမတ်နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ခရစ်တော်မွေးနေ့တော်(ခရစ္စမတ်) အကြိုဝတ်ပြုခြင်းတွင် ပလ္လင်တော်စွန့်ခြင်းကျူး ဓမ္မတေးသီချင်းကို သီဆိုကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဗဟိုကော်မတီဝင် မေဂျာနေလင်းထွန်းက ပဏာမဆုတောင်းခြင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာမန်းပါမာစတန်က မိတ်ဆက်စကားပြောကြားခြင်း၊ မက်သဒစ်အင်္ဂလိပ်အသင်းတော် ဂိုဏ်းအုပ်ဆရာတော် သိက္ခာတော်ရဆရာ ဦးတေဇဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ ဆရာဦးစောပက်ထရစ်လူနီက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ အောက်မြန်မာပြည် မက်သဒစ်အသင်းတော်မှ ဓမ္မသံစုံကျူးချောင်း သီဆိုကြပြီး မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ ဗဟိုကော်မတီဝင် သိက္ခာတော်ရ ဒေါက်တာ ရန်ခိုပေါင်က နိုင်ငံတော်အကြီးအကဲများနှင့် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးအတွက် အထူးဆုတောင်းမေတ္တာပို့သပေးခဲ့ပြီး မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဝန်ထမ်းများက ဓမ္မသံစုံကျူးချောင်းဖြင့် သီဆိုကြသည်။

ထို့နောက် သိက္ခာတော်ရဆရာဦးမာကာ၊ သိက္ခာတော်ရဆရာမ ဆိုင်းမိုင်၊ Fr.Jerome ဝင်းရွှေကြည်တို့က သမ္မာကျမ်းစာကို ဖတ်ကြားပြီး ရန်ကုန်ကက်သလစ်သာသနာ လက်ထောက်ဆရာတော်ကြီး ဆရာတော်ဂွန်စောယောဟန်က ခရစ္စမတ်ဒေသနာကို ရွတ်ဆိုဖတ်ကြားသည်။

ယင်းနောက် "ယေရှုကြွလာတော်မူကျူး" ဓမ္မသီချင်းကို တက်ရောက်လာသူများက သံပြိုင်ရွတ်ဆိုကြပြီး မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးလူအေးက ကောင်းချီးမင်္ဂလာရွတ်ဆိုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာနှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သီသီမင်း**



# ဂျေရုဆလင် အဆင့်အတန်းသတ်မှတ်ချက် ကုလအထွေထွေညီလာခံ၌ မဲခွဲဆုံးဖြတ်မည်



**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၀**
အဖွဲ့ဝင် ၁၉၃ နိုင်ငံရှိ ကုလသမဂ္ဂ အထွေထွေညီလာခံသည် အာရပ်နှင့် မွတ်စလင်နိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ ဂျေရုဆလင် အရေးနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၁ ရက်တွင် အရေးပေါ် အထူးအစည်းအဝေး ခေါ်ယူမည်ဖြစ်ကြောင်း၊ ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အသိအမှတ်ပြုခဲ့ပြီးနောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကြုံတောင့်ကြုံခဲ အရေးပေါ်အထူးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းအရေးအပါအဝင် အရှေ့အလယ်ပိုင်းဒေသ အခြေအနေနှင့်ပတ်သက်၍ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဒီဇင်ဘာ ၁၈ ရက်က လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပရာတွင် အီဂျစ်နိုင်ငံက ကမကထပြု တင်သွင်းသော ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ပြီးနောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အရေးပေါ် အထူးအစည်းအဝေးခေါ်ယူခြင်းဖြစ်သည်။

ဂျေရုဆလင် အဆင့်အတန်း သတ်မှတ်ချက်နှင့် ဆက်နွယ်နေသော ဒေါ်နယ်ထရန့်၏ ကြေညာချက်ကို ၎င်းကိုယ်တိုင် ပြန်လည်ရုပ်သိမ်းလာစေရေးအတွက် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်း အထူးသံတမန် ရီယာ့ဒ်မန်ဆောက ပြောကြားသည်။ **ရိုက်တာ**



# တရုတ်နှင့် ဆက်သွယ်သည့်ရထားလမ်း ဖောက်လုပ်ရန် ထိုင်းအစိုးရအဖွဲ့ သဘောတူ

**ဘန်ကောက် ဒီဇင်ဘာ ၂၀**
တရုတ်နှင့် ထိုင်းနိုင်ငံအကြား ဆက်သွယ်မည့် ရထားလမ်း၏ ပထမအဆင့် တည်ဆောက်မှုကို ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ရန် ထိုင်းအစိုးရအဖွဲ့က သဘောတူ ခွင့်ပြုလိုက်ကြောင်း ပို့ဆောင်ရေးဝန်ကြီး အာခွန် ထရန်ပစ်ထရာပိုင်ဆစ်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်းပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ အဝေးပြေးလမ်းများဆိုင်ရာဌာနက ၃ ဒသမ ၅ ကီလိုမီတာ အရှည်ရှိသည့် ရထားလမ်းပိုင်းကို တည်ဆောက်ရန် အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက် ရရှိကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတော် ရထားလုပ်ငန်း (အက်စ်အာရ်တီ)သည် အဝေးပြေးလမ်းများဆိုင်ရာဌာနနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဒီဇင်ဘာ ၂၀ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ အဝေးပြေးလမ်းများဆိုင်ရာဌာနက တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်ရထားလုပ်ငန်း ခေတ္တအုပ်ချုပ်ရေးမှူး အန်နော့လောင်ဘိုရီဘွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နာခွန်ရက် ချာဆီမာပြည်နယ်ရှိ ကလန်ဒေါင်းနှင့် ပန်ဘာဆုတ်ဘူတာနှစ်ခုအကြားတွင် ၃ ဒသမ ၅ ကီလိုမီတာရှည်လျားသည့် ရထားလမ်း ပထမအဆင့်ကို ဖောက်လုပ်မည်ဖြစ်သည်။

ထိုင်းအဝေးပြေးလမ်းများဆိုင်ရာဌာနသည် ရထားလမ်းတည်ဆောက်ရေးလုပ်ငန်း စတင်ရန် အသင့်ရှိနေပြီး ပထမအဆင့် ရထားလမ်းတည်ဆောက်မှုသည် နောက်ထပ်တည်ဆောက်မည့် ရထားလမ်းပိုင်းများအတွက် အကောင်းဆုံးသော စံနမူနာဖြစ်စေမည်ဟု ညွှန်ကြားရေးမှူးချုပ် ဘာနင်ဆွန်ဘွန်းက ပြောကြားသည်။ ရထားလမ်းဖောက်လုပ်မှုတွင် ထိုင်းနှင့် တရုတ်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရထားလမ်း၏ ဒုတိယအဆင့် ၁၁ ကီလိုမီတာ၊ တတိယအဆင့် ၁၁၉ ဒသမ ၅ ကီလိုမီတာနှင့် စတုတ္ထအဆင့်အဖြစ် ၁၁၉ ကီလိုမီတာ ရှည်လျားသည့် လမ်းပိုင်းများကို ဆက်လက်ဖောက်လုပ်မည်ဖြစ်သည်။ **ဆင်ဟွာ**

# အမျိုးသားလုံခြုံရေး ရှုထောင့်များအရ အမေရိကန်အကျိုးစီးပွားကို ကာကွယ်မည်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**
အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်နှင့် အမျိုးသားလုံခြုံရေး ရှုထောင့်များအရ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် ကုန်သွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန်ဈေးကွက်အတွင်းသို့ သံမဏိနှင့် အလူမီနီယံပစ္စည်း အများအပြားတင်သွင်းမှုသည် မိမိတို့၏ လုပ်ငန်းကို ထိခိုက်စေပြီး သံမဏိထုတ်လုပ်ရေး အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်ခြင်း ရှိ၊ မရှိ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနက ၁၉၆၂ ခုနှစ် ကုန်သွယ်ရေးတိုးချဲ့မှု ဥပဒေအရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၈ ရက်က ထုတ်ပြန်သော အမျိုးသားလုံခြုံရေး မဟာဗျူဟာဆိုင်ရာ စာတမ်းတွင် အတိအကျ ဖော်ပြထားခြင်းမရှိပေ။

ယင်း စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်၍ အကြံပြုချက်များကို ဇန်နဝါရီလအတွင်း တင်သွင်းမည်ဖြစ်ပြီး အကြံပြုချက်များအရ စစ်အေးကာလ ကုန်သွယ်ရေး ဥပဒေတစ်ရပ်အရ သွင်းကုန်အခွန်စည်းကြပ်မှုများနှင့် သွင်းကုန် ခွဲတမ်းသတ်မှတ်မှုများ ပြုလုပ်သင့်၊ မသင့် ဆက်လက်၍ စုံစမ်းစစ်ဆေးမှု ဖြစ်ပေါ်လာနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်သွယ်ရေးအရ မညီမျှမှုများ ပပျောက်ရေး၊ ဉာဏမူပိုင်ခွင့် ထိပါးခံရမှု ပပျောက်ရေးတို့အတွက် အရေးယူဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားရန် သမ္မတ ထရန့်က တိုက်တွန်းခဲ့သည်။ **ရိုက်တာ**




# နီပေါနိုင်ငံအတွင်းရှိ ဓာတ်ငွေ့စက်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲ၊ အနည်းဆုံး လူနှစ်ဦး သေဆုံး

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၀**
နီပေါနိုင်ငံတွင် ဒီဇင်ဘာ ၂၀ ရက်က ဓာတ်ငွေ့စက်ရုံတစ်ရုံ ပေါက်ကွဲကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆက်မပြတ် ပေါက်ကွဲမှုများကြောင့် ကယ်ဆယ်ရေးလုပ်သားများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် နှောင့်နှေးခဲ့ရသည်။

အဆိုပါဓာတ်ငွေ့စက်ရုံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် ဘာဂူရီမြို့တွင် တည်ရှိသည်။ မီးလောင်ကျွမ်းကာ ပေါက်ကွဲမှုများ ဖြစ်ပေါ်နေစဉ် စက်ရုံအတွင်း၌ အလုပ်သမား မည်မျှရှိသလဲဆိုသည်ကိုမူ အတိအကျ မသိရသေးပေ။

ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသော်လည်း ကယ်ဆယ်ရေးလုပ်သားများက စက်ရုံအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စက်ရုံ၏ လုပ်ငန်းဆောင်တာများအနက် ဓာတ်ငွေ့အိုးများထဲသို့ ဓာတ်ငွေ့များ ဖြည့်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေးကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၂၊ ၃၊ ၄၊ ၅)ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်)သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၆၊ ၇)ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀၊ ၂၁ ရက်) အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်ပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၉၊ ၁၀၊ ၁၁)ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ၂၅ ရက်) သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၈ ရက် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်ပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။

ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲ ထပ်မံရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်မျက်ရတနာပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်စိမ်းအတွဲ ၁၁၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၇၃ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၁၅၈ ဒသမ ၉၄၂ သန်းခန့်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ပြပွဲနဝမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ဦးရေ ၄၄၂၉ ဦးကျော် တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်းတန်ဖိုးမြင့် အချောထည်များနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာဝယ်ယူကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယနေ့အထိ ကျောက်မျက် အတွဲပေါင်း ၃၂ တွဲကို တန်ဖိုးငွေ ယူရိုသန်း သုည ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၄၃၉၃ တွဲကို တန်ဖိုးငွေ ယူရိုသန်း ၃၆၂ ဒသမ ၄၉၁ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၆၈၅)ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားအကျိုးခံစားခွင့်များကို စိစစ်တွက်ချက်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ပင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အငြိမ်းစားအကျိုးခံစားခွင့်များကို စိစစ်တွက်ချက်ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်၌ လုပ်သက်ဆုငွေနှင့် လစဉ် အငြိမ်းစားလစာအား အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်းခံစားခွင့် ရရှိစေရေးဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်အမှုတွဲများ ပြည့်စုံမှန်ကန်စွာပြုစု၍ ပင်စင်ဦးစီးဌာနသို့ ပေးပို့ရန်လိုအပ်သည်။

ယင်းသို့ ပြည့်စုံမှန်ကန်သည့် ပင်စင်အမှုတွဲများ ပေးပို့နိုင်ရေးရည်ရွယ်၍ ပင်စင်အမှုတွဲများ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် ပင်စင်အထောက်အကူပြု သင်တန်းအမှတ်စဉ် (၃/၂၀၁၇) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၄)ရှိ အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဌာနအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ အမြန်ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရုံးခွဲများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပင်စင်အထောက်အကူပြုသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း နီပေါနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းသည် ၎င်း၏ ခန့်အပ်လွှာကို ဒီဇင်ဘာ ၁၀ ရက်တွင် ခတ္တမန္ဒူမြို့၌ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စ ဘီဒီယာ ဒေဗီ ဘန်ဒါရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# စီးပွားရေးအခြေခံလုပ်ငန်းများသို့ မြန်မာ့စီးပွားရေးဘဏ်မှ နှစ်လတ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

နိုင်ငံတော်သည် စီးပွားရေးအခြေခံလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ အားပေးမြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအနှီးငွေကြေးများ ရရှိစေနိုင်ရေးကိုလည်း စည်းမျဉ်းဥပဒေများနှင့်အညီ ဖော်ဆောင်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ပါလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး ငွေကြေး အရင်းအနှီး လိုအပ်နေသူ လုပ်ငန်းရှင်များသို့ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အထူးအစီအစဉ်ဖြင့် ဘဏ်ချေးငွေများ ထုတ်ချေးမည်ဖြစ်ပါသည်။ ဘဏ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ကဏ္ဍ | အကျုံးဝင်သော လုပ်ငန်းများ | ထုတ်ချေးမည့်ကဏ္ဍ | တစ်နှစ်အတိုးနှုန်း | ချေးငွေ သက်တမ်း |
|---|---|---|---|---|
| လယ်ယာကဏ္ဍ | (၁) စိုက်ပျိုးရေးလုပ်ငန်းများ<br>(၂) မွေးမြူရေးလုပ်ငန်းများ<br>(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်သောစီးပွားရေးလုပ်ငန်းများ | MADB မှတစ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။ | MEB မှ MADB သို့ ၈.၅% ဖြင့် ထုတ်ချေးပြီး MADB မှ လုပ်ငန်းရှင်သို့ ၉% ဖြင့် ထုတ်ချေးပါမည်။ | (၃)နှစ်မှ (၅)နှစ် |
| အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကဏ္ဍ | (၁) ကုန်ထုတ်လုပ်မှုလုပ်ငန်းများ<br>(၂) ကုန်ထုတ်လုပ်ရောင်းဝယ်မှု လုပ်ငန်းများ<br>(၃) ပြည်ပပို့ကုန်လုပ်ငန်းများ<br>(၄) သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ<br>(၅) Recycling နှင့် Energy Saving လုပ်ငန်းများ<br>(၆) နည်းပညာအခြေခံထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | MEB မှ တိုက်ရိုက် ထုတ်ချေးပါမည်။ | ၉% | (၃)နှစ်မှ (၅)နှစ် |
| ဆောက်လုပ်ရေးကဏ္ဍ | (၁) ဆောက်လုပ်ရေးလုပ်ငန်းများ<br>(၂) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ | CHDB မှ တစ်ဆင့် ထုတ်ချေးပါမည်။ | MEB မှ CHDB သို့ ၉ % ဖြင့် ထုတ်ချေးပြီး CHDB မှ လုပ်ငန်းရှင်များသို့ ၁၁% ဖြင့် ထုတ်ချေးပါမည်။ | (၃)နှစ်မှ (၅)နှစ် |

MADB = မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ MEB = မြန်မာ့စီးပွားရေးဘဏ်
CHDB = ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

ကဏ္ဍအလိုက် ချေးငွေရယူလိုသူများသည် ချေးငွေရယူလိုသူလုပ်ငန်းရှင်များအတွက် ဘဏ်မှသတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်သူများဖြစ်ရပါမည်။ ချေးငွေအတွက် အာမခံပစ္စည်းအဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ပေးအပ်နိုင်ပါသည်။ အာမခံပစ္စည်း မပေးအပ်နိုင်သူများ၊ အာမခံပစ္စည်းပေးအပ်နိုင်သော်လည်း ချေးငွေအတွက် လုံလောက်မှုမရှိသူများအတွက် ချေးငွေအာမခံအဖွဲ့အစည်းနှင့်ချိတ်ဆက်၍ ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။ ချေးငွေလျှောက်ထားရယူလိုသူလုပ်ငန်းရှင်များသည် နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ကျွန်တော်တို့မှာ တာဝန်ရှိသည်

**သိန်းထွန်း(IR)**

**ယနေ့လူမှုဝန်းကျင်နှင့် လူငယ်**

ယနေ့လူငယ် နောင်ဝယ်လူကြီးဟု ဆိုပါသည်။ ယနေ့လူငယ်များကို အနာဂတ်ခေါင်းဆောင်များအဖြစ် သတ်မှတ်ကြပါသည်။ ထိုသို့ဆိုလျှင် ယနေ့ခေတ်လူငယ်များ၏ အရည်အချင်း၊ အရည်အသွေးသည် မိမိတို့နိုင်ငံ အနာဂတ်ခေါင်းဆောင်များ၏ အရည်အသွေးအတွက် အခြေခံအဖြစ် မှတ်ယူရမည်ဟု ယူဆပါသည်။ အရည်အသွေးဆိုရာတွင် လက်ရုံးရည်သာမက နှလုံးရည်ပါ ပြည့်စုံရန်လိုအပ်ခြင်းကို ဆိုလိုရင်းဖြစ်သည်။

Globalization နှင့်အတူ ယနေ့ခေတ်လူငယ်များသည် ခေတ်ရေစီးနှင့်လိုက်ပါရင်း ခေတ်အမြင်၊ ခေတ်အတွေးအခေါ်၊ ခေတ်အသုံးအဆောင်များနှင့် smart living standard ဘဝကို ရရှိခဲ့ကြသည်။ ယင်းသည် အကောင်းအဆိုး ဒွန်တွဲလျက်ရှိသဖြင့် ကောင်းကျိုးအား လက်ခံပြီး ဆိုးကျိုးကိုလည်း ရှောင်လွှဲ၍ ရနိုင်သည့်ကိစ္စမဟုတ်သကဲ့သို့ ငြင်းဆန်၍လည်း မဖြစ်နိုင်ချေ။ လူငယ်များ၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်မှုများစွာရှိလာသည်ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။ ယနေ့ကမ္ဘာ၏ ရုပ်ပိုင်းတိုးတက်ပြောင်းလဲမှုများလည်း ပိုမိုမြန်ဆန် တိုးတက်လာလျက်ရှိသည်။ လူမှုဘဝ နေ့စဉ်လိုအပ်ချက်အလိုက် အသစ်အသစ်သော ခေတ်ပေါ် ရုပ်ဝတ္ထုပစ္စည်းများ အချိန်နှင့်အမျှ ဆန်းသစ်တီထွင်ထုတ်လုပ်လာခြင်းကိုလည်း ကြုံဆိုလက်ခံရမည်ဖြစ်ပါသည်။

သို့သော်လည်း ခေတ်မီကမ္ဘာကြီးနှင့်အတူ၊ ခေတ်မီရုပ်ဝတ္ထုပစ္စည်းများ တစ်နေ့တခြား တိုးတက်လာခြင်းနှင့်အတူ ယနေ့လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာတွေမှာ တိုးတက်မှုထက် အချို့အချို့သော ကဏ္ဍများမှာ ဆုတ်ယုတ်လာသည့် အခြေအနေကိုပင် မြင်တွေ့နေကြရသည်မှာ အတော် စိတ်မကောင်းဖွယ်ရာပင်။ ယင်းသို့သော အခြေအနေများကို အချိန်မီပြုပြင်ထိန်းကျောင်းနိုင်မှသာ နိုင်ငံအတွက် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာပေမည်။ လူငယ်များ စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရန်အတွက် အဓိကစိန်ခေါ်မှုများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

(၁) ကျောင်းစာများတွင် အချိန်များစွာပေးနေရခြင်း၊
(၂) မိဘများနှင့် ထိတွေ့မှုနည်းလာခြင်း၊
(၃) မိဘများ၏ သွန်သင်ဆုံးမမှုအားနည်းလာခြင်း၊
(၄) လူမှုကွန်ရက်များတွင် အချိန်ကုန်နေခြင်း၊
(၅) ဂိမ်းများအတွက် အချိန်ကုန်ခြင်း၊
(၆) စာဖတ်အားနည်းလာခြင်း၊
(၇) ခေတ်ရေစီးကြောင်းအပေါ် လိုက်ပါမှုများခြင်း၊
(၈) အမှား၊ အမှန် ဝေဖန်သုံးသပ်နိုင်စွမ်း အားနည်းလာခြင်း၊
(၉) ဘာသာရေး၊ ယဉ်ကျေးမှု လက်ဆင့်ကမ်းအမွေပေးမှု အားနည်းလာခြင်း၊

အထက်ဖော်ပြပါအချက်များအပြင် လူငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးရေးအတွက် ပြုပြင်ရမည့်အချက်များလည်း ရှိနေပါသေးသည်။ ခေတ်၏ ပွင့်လင်းလာမှုနှင့်အတူ မြန်မာ့လူမှုဘဝဝန်းကျင်၌ လက်ရှိဖြစ်ပေါ်နေသည့် အကျင့်စရိုက်များကိုလည်း အတော်အသင့် သိမြင်သုံးသပ်နိုင်ပါသည်။ တစ်ကြိမ်တစ်ခါမျှ မကြားဖူး၊ မကြုံဖူး၊ မမြင်ဖူးသည့် အကျင့်ဆိုး၊ စရိုက်ဆိုး၊ အပြောဆိုး၊ အပြုအမူဆိုးများသည် မြန်မာ့လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာကို အနည်းနှင့်အများ ထိခိုက်လာနိုင်ပေသည်။ မိဘနှင့် သားသမီး၊ မောင်နှင့် နှမ၊ ဆရာနှင့် တပည့်၊ အကြီးနှင့် အငယ်တို့အကြားဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ လက်ခံရန်ခဲယဉ်းသော အပြုအမူ၊ အပြောအဆို၊ အကျင့်စရိုက်များသည် မြန်မာ့လူမှုဝန်းကျင်အတွင်း အမှားကို အမှန်ထင် တစ်စတစ်စ အမြစ်တွယ်လာသည်ကိုလည်း တွေ့နေရပါသည်။ ယင်းသို့သော အကျင့်စရိုက်များသည် ယနေ့လူငယ်များ၏ စိတ်ဓာတ်အပေါ် များစွာရိုက်ခတ်လာသည်ကိုလည်း အထူးသတိချပ်ရန် လိုအပ်နေပါပြီ။ ကျောင်းသားလူငယ်များကိုလည်း စာတော်ရုံသာမက စိတ်ဓာတ်ကောင်းမွန်သောသူများဖြစ်ရေး ပြုစုပျိုးထောင်ရန် လိုအပ်လျက်ရှိနေပါသည်။ အိုင်ကျူမြင့်သော လူငယ်များဖြစ်ရန် လိုအပ်သလို အီးကျူမြင့်သော လူငယ်များဖြစ်ရန်လည်း မလွဲမသွေ လိုအပ်မည်ဖြစ်ပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်း၊ မြန်မာ့ယဉ်ကျေးမှုကို လောကပါလတရားနှင့်အညီ တည်ဆောက်ထားခြင်းဖြစ်သည်။ ဟီရိ၊ ဩတ္တပ္ပ (အရှက်နှင့် အကြောက်)တရားနှစ်ပါး စောင့်ထိန်းတည်ရှိပါက ကမ္ဘာသူ ကမ္ဘာသား လူအများကိုယ်၊ နှုတ်၊ စိတ်၊ ယဉ်ကျေးလိမ္မာ၍ လူ့လောကသာယာစေ၏။ ထိုအရှက်နှင့် အကြောက်တရားနှစ်ပါး မစောင့်ထိန်းပျက်ပြားလေသော် လူတို့ ကိုယ်၊ နှုတ်၊ စိတ် အမူအရာများ ရိုင်းပျရုန့်ရင်းတတ်၏။ ထို့ကြောင့် ယဉ်ကျေးသော လူ့လောကဖြစ်စေရန် ဟီရိ၊ ဩတ္တပ္ပတရားနှစ်ပါးကို စောင့်ထိန်းကြရန် လိုအပ်လှ၏။ လောကကြီးမပျက်စီးအောင် စောင့်ရှောက်တတ်၍ ဤတရားနှစ်ပါးကို လောကပါလကမ္ဘာစောင့်တရားဟု ခေါ်သည်။ (၁)ဝက်သည် မစင်ကို မရွံသကဲ့သို့ အရှက်တရားမရှိသူသည် ဒုစရိုက်အမှုကို ပြုရန် ဝန်မလေး။ (၂)ပိုးဖလံသည် မီးကိုတိုးရန် မကြောက်သကဲ့သို့ ဩတ္တပ္ပတရားမရှိသူသည် ဒုစရိုက်အမှုကိုပြုရန် ဝန်မလေးချေ။

> **❝ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာတရား၊ အကောင်းမြင်စိတ်၊ ကိုယ်ချင်းစာစိတ် စသည့် စိတ်ဓာတ်ယဉ်ကျေးမှုများသည် လက်ဆင့်ကမ်း သယ်ယူရသည့်သဘောဖြစ်ကြောင်း တွေ့ရပါသည်။ ယနေ့ခေတ်တွင် လက်ဆင့်ကမ်းပေးမည့်သူ နည်းပါးလာသည်ဟုလည်း ခံစားမိသည်။**
>
> **မိဘများအနေဖြင့် သားသမီးများကို စာပေသင်ကြားပေးခြင်း၊ အတတ်ပညာသင်ကြားပေးခြင်းများအပြင် အတတ်လည်းသင် ပွဲပြင်ဆုံးမဆိုသည့်အတိုင်း လူ၏ တန်ဖိုးမြင့်မားလာစေမည့် စိတ်ဓာတ်ကောင်းမွန်ရေးကိုလည်း ပွဲပြင်ဆုံးမမှသာလျှင် မိဘမည်သော မိဘဖြစ်ပေလိမ့်မည် ❞**

လောကပါလတရားမရှိသော မြန်မာ့လူမှုဝန်းကျင်၊ မြန်မာ့ယဉ်ကျေးမှုသည် အနှစ်မရှိသော အခွံယဉ်ကျေးမှု၊ နိမ့်ကျသောစိတ်ဓာတ်များ ဖြစ်သွားပေလိမ့်မည်။ အနှစ်မရှိသည့်တော ကြက်ဆူပင်မင်းမူဆိုသကဲ့သို့ လူလိမ္မာမရှိသော အရပ်တွင် လူမိုက်များ လွှမ်းမိုးလာမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့ဖြစ်ပေါ်နေသည့် မြန်မာ့လူမှုဝန်းကျင်သည် လူငယ်များအတွက် လမ်းမှားသို့ ရောက်ရှိသွားနိုင်သည်ကို အထူးအလေးထားသင့်ပေသည်။

**ပုဗ္ဗာစရိယ မိနှင့် ဘ**

လူတစ်ယောက်၏ စိတ်ဓာတ်နှင့် အကျင့်စရိုက်ကို ပြုပြင်ထိန်းကျောင်း၊ အကျိုးသက်ရောက်စေနိုင်သည့် အချက်များကို အောက်ပါအတိုင်းတွေ့ရသည်-

(၁) ဗီဇ (မျိုးရိုး)
(၂) မိဘ (အုပ်ထိန်းသူ)
(၃) ပတ်ဝန်းကျင်(ကျောင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကျင်လည်ရာဝန်းကျင်)
(၄) ပညာ (အမှား/အမှန် ဆင်ခြင်၊ တွေးခေါ်၊ ဆုံးဖြတ်နိုင်စွမ်း)

ဗီဇသည် မျိုးရိုးဆင်းသက်မှုဖြစ်သဖြင့် ပြုပြင်ရန် ခက်ခဲပါလိမ့်မယ်။ (သို့သော် ယနေ့ခေတ်တွင် ဗီဇမျိုးရိုး ပြုပြင်မှုများ တွေ့ရသည်။) ဒုတိယ အရေးကြီးဆုံးသည် မိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်သည်။ ကလေးငယ်တစ်ဦးသည် လူ့လောက စတင်ရောက်ရှိချိန်မှစ၍ ယင်း၏ စိတ်၊ ရုပ်တို့ကို မိဘနှစ်ပါး သို့တည်းမဟုတ် အုပ်ထိန်းသူ၏ ထိန်းကျောင်း၊ ပြုပြင်မှုကို ခံရသည်။ ထို့ကြောင့်လည်း လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘဟု ဆိုထားခြင်းဖြစ်သည်။ မိဘများ၏ ပြုပြင်ထိန်းကျောင်းမှုကောင်းမွန်ပါက ပတ်ဝန်းကျင်နှင့် ပညာကိုပါ ပြုပြင်နိုင်မည်ဖြစ်သည်။ ကလေးငယ်အား ကောင်းသောဝန်းကျင်တွင် ထားရှိခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့် ပညာဉာဏ် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် စံနာမူနာပြဦးဆောင် ပြုမူ၊ ပြောဆို၊ နေထိုင်ခြင်း စသည့် ကလေးသူငယ်ပြုစုပျိုးထောင်ရေးများကို မိဘများက ဆောင်ရွက်ပေးခြင်းဖြင့် လူတော်လူကောင်းများ ဖြစ်လာမည်ဟု ယုံကြည်ပါသည်။

ကျောင်းသင်ရိုးများတွင်လည်း လူမှုရေး၊ စာရိတ္တ၊ လောကနီတိ၊ ပြည်သူ့နီတိ၊ ဘဝတွက်တာ စသည့် ကျောင်းသင်ခန်းစာများသည်လည်း ကလေးသူငယ်များ၏ စာရိတ္တ၊ ယဉ်ကျေးမှု စသည့် စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးအတွက် သင်ကြားပေးနေသည်ကို တွေ့ရသည်။ သို့သော်လည်း ကျောင်းသင်ခန်းစာသည် ကျောင်းမှာသာရှိပြီး လက်တွေ့နယ်ပယ်၌ အမှန်တကယ် လိုက်နာကျင့်သုံးရေးထက် စာမေးပွဲအမှတ်ရရှိရေးအတွက်သာ ဦးတည်နေသည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင်နေရပါသည်။ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာတရား၊ အကောင်းမြင်စိတ်၊ ကိုယ်ချင်းစာစိတ် စသည့် စိတ်ဓာတ်ယဉ်ကျေးမှုများသည် လက်ဆင့်ကမ်း သယ်ယူရသည့်သဘောဖြစ်ကြောင်း တွေ့ရပါသည်။ ယနေ့ခေတ်တွင် လက်ဆင့်ကမ်းပေးမည့်သူ နည်းပါးလာသည်ဟုလည်း ခံစားမိသည်။ တစ်ခါတစ်ရံ အမေ လူထုဒေါ်အမာကို တမ်းတမိသည်။ လွမ်းလည်းလွမ်းမိသည်။ ယနေ့ခေတ် အခြေအနေအား လူထုဒေါ်အမာ တွေ့မြင်လျှင် မည်သို့များ ပြောမလဲဆိုသည်ကိုလည်း အထူးသိချင်နေမိသည်။ မည်သို့ပင်ဖြစ်စေ မိဘ၊ ပတ်ဝန်းကျင်၊ ပညာကဏ္ဍ သုံးခုတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူသာလျှင် ပိုမိုအဓိကကျမည်ဟု ယူဆပါသည်။ လောကနီတိ အပိုဒ် ၁၆ တွင် အောက်ပါအတိုင်း တွေ့ရပါသည်-

ယာယ၊ အကြင်အမိသည်။ ဗာလော၊ သားငယ်ကို။ နသိက္ခိတော၊ အတတ်ပညာ သင်၍မပေး။ သာ မာတာ၊ ထိုအတတ်ပညာ သင်၍မပေးသော အမိသည်။ သတြူ၊ ရန်သူမည်၏။ ယေန၊ အကြင်အဘသည်။ ဗာလော၊ သားငယ်ကို။ နသိက္ခိတော၊ အတတ်ပညာ သင်၍ မပေး။ သောပိတာ၊ ထိုအတတ်ပညာ သင်၍မပေးသော အဘသည်။ ဝေရီ၊ ရန်သူမည်၏။ သော၊ ထိုအတတ်ပညာမရှိသော သူသည်။ ဟံသမဇ္ဈေ၊ ဟင်္သာတို့၏အလယ်၌။ ဗကောယထာ၊ ဗျိုင်းကဲ့သို့။ သဘာမဇ္ဈေ၊ သဘင်အလယ်၌။ နသောဘတိ၊ မတင့်တယ်။ တသ္မာ၊ ထိုသို့ အတတ်ကို မသင်စေသောကြောင့်။ ဝေရီ၊ ရန်သူမည်၏။

ထို့ကြောင့် မိဘများအနေဖြင့် သားသမီးများကို စာပေသင်ကြားပေးခြင်း၊ အတတ်ပညာသင်ကြားပေးခြင်းများအပြင် အတတ်လည်းသင် ပွဲပြင်ဆုံးမဆိုသည့်အတိုင်း လူ၏တန်ဖိုးမြင့်မားလာစေမည့် စိတ်ဓာတ်ကောင်းမွန်ရေးကိုလည်း ပွဲပြင်ဆုံးမမှသာလျှင် မိဘမည်သော မိဘဖြစ်ပေလိမ့်မည်။

**ကျွန်တော်တို့မှာ တာဝန်ရှိသည်**

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓတရားတော်များ၊ လောကနီတိ၊ ပြည်သူ့နီတိ၊ ဆုံးမစာ၊ ကျင့်ဝတ် စသည့် ယဉ်ကျေးလိမ္မာဆုံးမစာ အထွန်းကားဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ယဉ်ကျေးလိမ္မာစာများ ထွန်းကားပါသော်လည်း မိဘများကိုယ်တိုင်က မိဘကျင့်ဝတ်နှင့်အညီ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် မရှိခဲ့ပါလျှင် ပုံပြင်ထဲမှ နားရွက်ကိုက်ခံရသော မိခင်သဖွယ်ဖြစ်ပေမည်။ မိဘတိုင်းသည် မိမိသားသမီးအား ချစ်ကြသည်မှန်သော်လည်း မှန်မှန်ကန်ကန် ချစ်တတ်ကြရန် လိုအပ်မည်ဖြစ်ပေသည်။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်၍ ပါမောက္ခ ဦးခင်မောင်သန်း ရေးသားထားသည့် သင့်ရင်သွေးငယ် ဉာဏ်ရည်ထက်မြက်ရေး စာအုပ်တွင် ပြောမရသောကလေးဟူသည် ရအောင်မပြောသော မိဘများကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ သားသမီးများသည် မိဘများ၏ မျိုးရိုး၊ သွန်သင်ဆုံးမမှုအတတ်ပညာ၊ ပညာဉာဏ် အမြော်အမြင်ပေါ်မူတည်၍ ကောင်း၏၊ ဆိုး၏ ဖြစ်ပေါ်လာကြောင်း လောကနီတိအပိုဒ် ၅၃ တွင် အောက်ပါအတိုင်း တွေ့ရသည်။

မာတာ သေဋ္ဌသ၊ အမိမြတ်သောသူအား။ သုဘာသာ၊ ကောင်းသော စကားရှိ၏။ ပိတာသေဋ္ဌသ၊ အဘမြတ်သောသူအား။ သုကိရိယာ၊ ကောင်းသော အမူအကျင့်ရှိ၏။ ဥဘော မာတာပိတာ သေဋ္ဌာ၊ မိဘနှစ်ပါးစုံမြတ်မူကား။ သုဘာသာစ၊ ကောင်းသောစကားလည်း ရှိ၏။ သုကိရိယာစ ကောင်းသော အမူအကျင့်လည်းရှိ၏။

နိုင်ငံ၏အနာဂတ် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရား၊ စာရိတ္တ၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာတရား၊ အပြုသဘော အတွေးအခေါ်များ ပြုစုပျိုးထောင်ရေးသည် မိဘများအတွက်သာမက နိုင်ငံ၏ အနာဂတ်နှင့်လည်း ဆက်စပ်ပတ်သက်နေပါသည်။ EQ ၏ အခြေခံဖြစ်သော (၁) ကိုယ်ပိုင်အသိ၊ (၂) ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်စီမံမှု၊ (၃) လူမှုရေး အသိအမြင်၊ (၄) ဆက်ဆံရေးကောင်းမွန်မှုများရှိလာလျှင် လူ့ဘဝတန်ဖိုးများလည်း မြင့်လာမည်ဟု ယုံကြည်ပါသည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတည်ဆောက်ရေးအား အဟန့်အတား အနှောင့်အယှက် ဖြစ်ပေါ်စေလျက်ရှိသည့် ငါနှင့်ငါသာ နှိုင်းယှဉ်သောစိတ်ဓာတ်၊ အဖျက်သဘောဆောင်သော စိတ်ဓာတ်များကို လျှော့ပါးစေနိုင်မည်ဖြစ်သည်။

မိမိတို့၏ သားသမီးများ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်မှုရှိသည့် အချက် (၄)ချက်အနက် အဓိကဆောင်ရွက်ရန်မှာ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့သာဖြစ်သည်ဟု ဆိုချင်ပါသည်။ ။

## ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာသစ် ခုနစ်ရွာတွင် လျှပ်စစ်တိုးချဲ့ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နှင့် ၁၀ မိုင်ခန့်ကွာဝေးသော ကျေးရွာသစ် ခုနစ်ရွာတွင် လျှပ်စစ်မီး ၂၄ နာရီ ရရှိစေရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်ဦးစီးဌာနက မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူထံမှ သိရသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်သော ကုမ္ပဏီများက မကြာမီ လျှပ်စစ်မီး ရရှိမည့် ကျေးရွာသစ် ခုနစ်ရွာ သတ်မှတ်ချိန်အတိုင်း ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြီးဇေယျ၏ လမ်းညွှန်အသိပေးအပ်ချက်အရ စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုးနှင့် ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်မှူး ဦးမိုးကျော်သူတို့က အနီးကပ်ကြီးကြပ်ကာ လျှပ်စစ်နှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စအရပ်ရပ်ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျေးရွာများ လျှပ်စစ်ဗို့အား လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် တိုးချဲ့ဓာတ်အားရရှိနိုင်ရန် (၂၃၀ ကေဗွီ) ပင်မဓာတ်အားခွဲရုံတွင် (၂၀ အမ်ဗွီအေ၊ ၆၆/၁၁ ကေဗွီအေ) ထရန်စဖော်မာတစ်လုံးအား တည်ဆောက်လျက်ရှိကာ ယခုလအတွင်း အပြီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

# လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာများအား သရုပ်ပြ

**ဆွမ်ပရာဘွမ် ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်အိမ်သုံးဆိုလာမီး တပ်ဆင်ရေး အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆောင်ရွက်မည့် ကျေးရွာများအား သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၉ ရက်က ခင်ဒူယန်၊ ဖုန်ကျန်းနှင့် အင်ကောမကျေးရွာတို့၌ ကျင်းပခဲ့သည်။

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်နန်းအောင်က တစ်အိမ်သုံး ဆိုလာမီးတပ်ဆင်ရေး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ပြည်သူအချိုးကျထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး စီမံကိန်းတွင် မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဆိုလာပစ္စည်းများနှင့်ပတ်သက်၍ အသုံးပြုပုံအခြေအနေ၊ ဆက်စပ်ပစ္စည်းများကို နည်းစနစ်ကျကျ အသုံးပြုနိုင်စေရေး လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူတို့၏ မေးမြန်းချက်ကို ဖြေကြားကာ လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

# ရေထိန်းတံခါးများမှတစ်ဆင့် ရေပေးသွင်းခြင်းကြောင့် နွေစပါး စတင်စိုက်ပျိုး

**သန်လျင် ဒီဇင်ဘာ ၂၀**

ရေထိန်းတံခါးများမှတစ်ဆင့် ရေပေးသွင်းခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်မှာ ရေငန်ဝင်ရောက်ရာ မြစ်ဝကျွန်းပေါ် မြေနိမ့်လွင်ပြင်ဒေသဖြစ်သဖြင့် ဆည်တမံများတည်ဆောက်နိုင်မှုမရှိဘဲ ရေချိုရရှိရန် ခက်ခဲသောဒေသတစ်ခုဖြစ်သောကြောင့် မိုးစပါးအောင်ရေးနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသအတွင်းရှိ မူလချောင်း၊ မြောင်းများအတွင်း ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် ရေချိုသိုလှောင်ပေးခြင်း၊ လိုအပ်သော ဖြည့်တင်းရေချိုများကို မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုမရှိခင်အချိန်အထိ ရေထိန်းတံခါးများမှတစ်ဆင့် ရေပေးသွင်းပေးခြင်းတို့ဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ သန်လျင်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးရာသီတွင် နွေစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။

သန်လျင်မြို့နယ်အတွင်းရှိ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် မူလချောင်း၊ မြောင်းများအတွင်းရှိ မိုးရေချိုများကို ဘော့ချောင်းရေထိန်းတံခါး၊ ထော်သွန်ရေထိန်းတံခါး၊ ပုဂံတောင်ရေထိန်းတံခါးနှင့် ဆေးလုံးကြီးရေထိန်းတံခါးတို့ဖြင့် ကြိုတင်ပိတ်ထိန်း ရေသိုလှောင်ထားပြီး စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ထပ်မံလိုအပ်သောရေချိုများကို ပဲခူးမြစ်အတွင်း ရေငန်ထိုးဖောက်မှုမရှိခင်အချိန်အထိ ခရမ်းရေထိန်းတံခါး၊ ဘော့ချောင်းရေထိန်းတံခါးနှင့် ထော်သွန်ရေထိန်းတံခါးများမှတစ်ဆင့် ရေပေးသွင်းပေးခြင်းဖြင့်လည်းကောင်း၊ ပဲခူးရိုးမအပေါ်ရှိ ဆည်အစုအဖွဲ့များ၌ သိုလှောင်ထားသောရေချိုများကို မိုင် ၃၀ စိမ်းလန်းမြောင်းမကြီးမှတစ်ဆင့် ရယူပေးဝေခြင်းဖြင့်လည်းကောင်း ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် နွေစပါးရာသီတွင် သန်လျင်မြို့နယ်၌ နွေစပါးဧက ၂၈၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပြီး ယခုနှစ်တွင် သန်လျင်မြို့နယ် ဘော့ချောင်းရေငန်တားတာနှင့် ဆေးလုံးကြီးချောင်းစောက် ရေငန်တားတာနှစ်ခုအတွင်း၌ ရေထိန်းတံခါးများမှတစ်ဆင့် မူလချောင်း၊ မြောင်းများတစ်လျှောက်တွင် သိုလှောင်ရေနှင့် ဖြည့်တင်းရေများဖြင့် နွေစပါး ဧက ၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း မိုးရာသီ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးနှင့် နွေစပါးပိုမိုအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် မူလချောင်းကော၊ မြောင်းကောများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်ပွင့်လင်းရာသီတွင်ချောင်းကော၊ မြောင်းကော ၁၆ ခုကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆက်လက် တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ဒေသခံတောင်သူဦးကြီးများအနေဖြင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်ရေအတွက် ပူပန်မှုမရှိစေရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် လိုက်လံအသိပညာပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**



သန်လျင်မြို့နယ် ဘော့ချောင်းရေထိန်းတံခါးတွင် နွေစပါးစိုက်ပျိုးရေသိုလှောင်ထားရှိမှုအား တွေ့ရစဉ်။





# မြန်မာနိုင်ငံ၏ လက်ရှိပစ္စည်းခွန်စနစ်ကို လေ့လာသုံးသပ်ခြင်း မူဝါဒစာတမ်းရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြို့ပြများလျင်မြန်စွာ ကြီးထွားလာမှုတွင် ကြုံတွေ့ရသောစိန်ခေါ်မှုများကို စီမံခန့်ခွဲခြင်း "မြန်မာနိုင်ငံ၏ လက်ရှိပစ္စည်းခွန်စနစ်ကို လေ့လာသုံးသပ်ခြင်း မူဝါဒစာတမ်းမိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ယင်စာတမ်းတွင်အစိုးရတစ်ရပ်လုံးအတွက် မြို့ပြစီမံခန့်ခွဲမှု မူဝါဒလုပ်ငန်းစဉ်တစ်ရပ် ချမှတ်ရေးဆွဲရန် လက်ရှိပစ္စည်းခွန်စနစ်မှ ကောင်းသည့်အချက်များနှင့် အခြားမြို့နယ်များမှ လုပ်ငန်းစမ်းသပ်မှုများအား သင်ခန်းစာယူရန် ပစ္စည်းခွန်အကြောင်း ပြည်သူလူထု ပိုမိုသိရှိနားလည်စေရန်၊ ပြည်သူ့ဆက်ဆံရေးအား တိုးတက်အောင်ဆောင်ရွက်ရန်၊ အခွန်ရရှိမှုနှင့် အခွန်အခြေအနေ ပိုမိုတိုးတက်ရန်၊ မြို့နယ်အသီးသီးတွင် အားနည်းလျက်ရှိသည့် အခွန်စာရင်းအား ဦးစားပေးပြုပြင်ပြောင်းလဲရန်၊ အခွန်ထမ်းသူအရေအတွက် တိုးတက်လာရေး (ပြည်သူများ အခွန်ပေးဆောင်လာအောင်)အာရုံထား ဆောင်ရွက်ရန်၊ လက်ရှိ ရာဖြတ်စနစ်အားပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်၊ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ တစ်ပြေးညီဖြစ်စေရန်၊ စံလုပ်ငန်း ဆောင်ရွက်ပုံအဆင့်များရေးဆွဲရန်၊ စီးပွားရေးလုပ်ငန်းများအပေါ် အလွန်အကျူးမှီခိုနေလျက်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်၏အခွန်အခြေအားပြောင်းလဲရန် စသည်တို့ကို အကြံပြုရေးသားထားသည်။

အဆိုပါ စာတမ်းကို လက်ရှိအစိုးရ၏ ဦးစားပေးမူဝါဒများ ဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးတို့ကို ပံ့ပိုးကူညီပြီး မြန်မာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးရေးကို အဓိကထားကာ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုစေရန် ဆန်းစစ်လေ့လာမှုများဆောင်ရွက်ပေးလျက်ရှိသည့် Renaissance Institute အဖွဲ့မှ ပြုစုရေးသားထားခြင်းဖြစ်သည်။

"လက်ရှိ ပစ္စည်းခွန်စနစ်မှာ တရားမျှတမှုမရှိဘူး၊ အိမ်ခြေသုံးပုံတစ်ပုံလောက်က အခွန်စာရင်းထဲမှာ ရှိမနေဘဲ အများနည်းတူ ပေးသင့်ပေးထိုက်တဲ့ အခွန်ကိုမပေးသွင်းဘဲ ရှိနေပါတယ်၊ ချမ်းသာတဲ့သူတွေက ဆင်းရဲချို့တဲ့သူတွေ နည်းတူပေးရတဲ့ အခွန်ပမာဏ တူညီနေပါတယ်၊ ဥပမာ ရန်ကုန်မှာ အချမ်းသာဆုံးနေရာဖြစ်တဲ့ ဗဟန်းမြို့နယ်မှာဆိုရင် ပစ္စည်းခွန်ပျမ်းမျှအလယ်ကိန်းမှာ ခြောက်လကို ၂၅၄ ကျပ်သာ ရှိပါတယ်၊ ဒါဟာအရမ်းကို နည်းပါးတယ်"ဟု ဦးမျိုးမြင့်က ပြောသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သုတေသနစာတမ်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ဇာနည်မောင်**

# ရန္တပိုကျေးရွာတွင် အိုးလုပ်ငန်း တစ်ရွာလုံးနီးပါး လုပ်ကိုင်လျက်ရှိ

**မြင်းခြံ ဒီဇင်ဘာ ၂၀**

မကြာမီနွေရာသီရောက်ရှိတော့မည်ဖြစ်သောကြောင့် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အိုးလုပ်ငန်းလုပ်ကိုင်သူများ စတင်သက်ဝင်လှုပ်ရှားကာ ဈေးကွက်သို့ ဖြန့်ချိ



ရောင်းချရန်အတွက် မန္တလေးမြို့ ဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဈေးကွက်တွင် အဆိုပါ အိုးများအား ဧရာဝတီအရှေ့ဘက်ကမ်း မြင်းခြံမြို့နယ် ရန္တပိုကျေးရွာမှ ထွက်ရှိသော အိုးများနှင့် ရွှေဘိုမြို့နယ် ကျောက်မြောင်းရွာအနီး ခက်တင်ကျေးရွာမှ ထွက်ရှိသောအိုးမှာ အများဆုံးဖြစ်ကြပြီး မန္တလေးဈေးကွက်မှတစ်ဆင့် ရောင်းချပေးနေကြောင်း မန္တလေးဆိပ်ကမ်းတွင် အိုးများဖြန့်ချိရောင်းချနေသူ မြင်းခြံမြို့မှ ကိုဇော်မင်းထွန်းက ပြောသည်။

"ဒီရာသီက အိုးဖုတ်တဲ့ ပြာသိုလရာသီဖြစ်တဲ့အတွက် အိုးလုပ်တဲ့ရွာတွေက အိုးတွေစတင်ထုတ်လုပ်နေပါပြီ၊ ကျွန်တော်တို့က သူတို့ဆီကနေ တိုက်ရိုက်ယူပြီး ဒီမြစ်ဆိပ်မှာလာရောက်ရောင်းချပေးတာပါ၊ သောက်ရေအိုးတစ်အိုးကို ကျပ် ၁၃၀၀ နဲ့ ရောင်းချပေးပေမယ့် လက်ကားဈေးဆို ကျပ် ၁၀၀၀ နှုန်းနဲ့ ဖြန့်ချိပေးနေပါတယ်၊ ထုတ်လုပ်တဲ့အိုးတွေထဲမှာ ရန္တပိုအိုးက အရည်အသွေးအကောင်းဆုံးပါပဲ"ဟု ၎င်းက ပြောသည်။

ရန္တပိုရွာမှ အိုးများထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်စေရန်အတွက် ကျွမ်းကျင်မှုနှင့် စေတနာပေါင်းစပ်၍ ပုံဖော်ထုဆစ်ထားသဖြင့် ရန္တပိုအိုးများကို လူကြိုက်များခြင်းဖြစ်ကြောင်း ဝါရင့်အိုးလက်မှုပညာရှင် ရန္တပိုရွာသား ဦးမြင့်သိန်းက ပြောသည်။

အိုးလုပ်ငန်းမှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ပိုမိုတွင်ကျယ်လာကာ ဈေးကွက်အနေဖြင့် ကျယ်ပြန့်လာခဲ့၍ မန္တလေးမြို့သို့ အဓိကတင်ပို့နေသည့်အပြင် မော်လိုက်၊ ခန္တီး၊ ဟုမ္မလင်း၊ ပုဂံ၊ ညောင်ဦးမြို့များသို့ အိုးအမျိုးအစား ၁၀ မျိုးခန့်ကို ထုတ်လုပ်ကာ အရွယ်အစားအပေါ်မူတည်၍ ငွေကျပ် ၂၀၀ မှ ငွေကျပ် ၆၀၀ အထိ ဈေးနှုန်း သတ်မှတ်ဖြန့်ချိပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းအနီးရှိ အိမ်ခြေ ၈၀ ကျော်ရှိသော ရန္တပိုရွာတွင် အိုးလုပ်ငန်းကို တစ်ရွာလုံးနီးပါး လုပ်ကိုင်လျက်ရှိပြီး တောင်ယာလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မရမ်းကုန်းမြို့နယ် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ပြသထားသည့် မြန်မာနိုင်ငံထွက် အဖိုးတန် ကျောက်မျက်ရတနာများ လေ့လာကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ International Business Center (IBC) ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ကုမ္ပဏီလီမိတက် (International Business Center Company Limited)၏ (၂၃)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းမှ ရှယ်ယာအများစု ပိုင်ဆိုင်ထားသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ကုမ္ပဏီလီမိတက်အနေဖြင့် ၁၉၉၄ ခုနှစ် စတင်တည်ထောင်ချိန်မှ ယခုအထိ ၂၃ နှစ်တိုင်အောင် ရပ်တည်ကြိုးပမ်းစွမ်းဆောင်နိုင်မှုကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ IBC အနေဖြင့် ပင်မစီးပွားရေးလုပ်ငန်းဖြစ်သည့် ရုံးခန်းများငှားရမ်းဝန်ဆောင်မှုပေးခြင်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများအတွက် ခန်းမငှားရမ်းခြင်းတို့အပြင် အခြားသော ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးငွေထည့်ဝင်ခြင်း၊ လက်ရှိအဆောက်အအုံအား အဆင့်မြှင့်တင်ရေးအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ IBC ဒါရိုက်တာအဖွဲ့ဝင်များက နှစ်ပတ်လည်အစီရင်ခံစာအား တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊ ဘဏ္ဍာငွေဆိုင်ရာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာအပေါ် ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်လမ်း Junction City Office Tower ခုနစ်ထပ်၌ မြန်မာနိုင်ငံ ကျောက်မျက်ပညာသိပ္ပံ (Gemological Institute of Myanmar-GIM) ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ပညာသိပ္ပံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက GIM အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍအား အဆင့်မြှင့်တင်ရန်နှင့် ကမ္ဘာ့အဆင့်မီ ကျောက်မျက်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောက်မျက်ဓာတ်ခွဲခန်း၊ ကျောက်မျက်သုတေသနဌာနနှင့် ကျောက်မျက်သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းများနှင့် ချိတ်ဆက် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများ၊ သုတေသနနှင့် ဓာတ်ခွဲစမ်းသပ်မှုများအတွက် နိုင်ငံတကာအဆင့်မီစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ထားသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်သယံဇာတပေါကြွယ်ဝစွာ ထွက်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်မီကျောက်မျက်ဓာတ်ခွဲခန်း မရှိမဖြစ်လိုအပ်ကြောင်း၊ အဆင့်မီဓာတ်ခွဲခန်းစက်ပစ္စည်းများသာမက နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်းဖြစ်လာသည်အထိ ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းနှင့် လိုအပ်သည်များအား ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ပညာသိပ္ပံ ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ပြသထားသည့် မြန်မာနိုင်ငံထွက် အဖိုးတန်ကျောက်မျက်ရတနာများနှင့် ပြတိုက်ပထမထပ်ရှိ မြန်မာ့ကျောက်မျက်အရောင်းဆိုင်များကို လေ့လာကြည့်ရှုခဲ့သည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းပိုင်မြေအတွင်းဖွင့်လှစ်မည့် သတ္တုဖွံ့ဖြိုးရေးဘဏ် (Mineral Development Bank) ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဘားအံအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြဟန်သည် ဒီဇင်ဘာ ဒုတိယအပတ်က အကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်ရေးအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြဟန်သည် ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်ဆွေထွန်း၊ ကရင်ပြည်နယ်တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်း၊ ဘားအံခရိုင်တရားသူကြီး ဒေါ်ဝင်းဝင်းမော်တို့လိုက်ပါပြီး ဘားအံအကျဉ်းထောင်သို့ရောက်ရှိရာ အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်ရေးအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေရရှိမှုအခြေအနေ၊ စာပေဗဟုသုတလေ့လာနိုင်ရန် စာကြည့်တိုက်ဆောင်ရွက်ထားမှု အခြေအနေများအား ကရင်ပြည်နယ်အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဘားအံအကျဉ်းထောင် တာဝန်ခံအရာရှိတို့က ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် ပြစ်ဒဏ်ကျခံသူများ၏ အဆောင်များ၊ စားဖိုဆောင်များ သန့်ရှင်းမှုရှိရေး၊ သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းစစ်ဆေးခဲ့ပြီး အကျဉ်းထောင်အတွက် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံရှိ UNOPS ရုံးခွဲ၏ ဌာနေကိုယ်စားလှယ်/ညွှန်ကြားရေးမှူး၏ ခန့်အပ်လွှာအား လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား မြန်မာနိုင်ငံရှိ United Nations Office for Project Services (UNOPS) ရုံးခွဲ၏ ဌာနေကိုယ်စားလှယ်/ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Andrew Kirkwood သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်စဉ်တွင် မြန်မာနိုင်ငံနှင့် UNOPS တို့အကြား လက်ရှိနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်သွားရေး၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီနှင့် လက်တွဲလုပ်ကိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု(စက်ချုပ်) သင်တန်းဆင်း

**သထုံ ဒီဇင်ဘာ ၂၀**

ကျေးလက်နေ အမျိုးသမီးငယ်များ အသိပညာဗဟုသုတ တိုးတက်စေရန်နှင့် ဝင်ငွေရရှိရေးအတွက် မွန်ပြည်နယ် သထုံမြို့နယ် ထုံးဘိုလေးကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (စက်ချုပ်) သင်တန်းကို နိုဝင်ဘာ ၁၅ မှ ဒီဇင်ဘာ ၁၅ ရက်အထိ တစ်လကြာဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တက်ရောက် အားပေးကြသည်။

သင်တန်းသား ၂၀ ခန့် တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းတွင် ပထမဆုအဖြစ်ခြေနင်းစက် (အပ်ချုပ်စက်) တစ်လုံး၊ ဒုတိယဆုအဖြစ် ကြယ်သီးရိုက်စက်နှင့် တတိယဆုအဖြစ် လျှပ်စစ်မီးပူတစ်လုံးကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ရာသီကြို ခြေစမ်းပွဲတွင် ရတနာပုံ၊ ရောဝတီနှင့် GFA အသင်း အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၈ ဘောလုံးရာသီအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် MNL ကလပ်အသင်းများသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ ရတနာပုံ၊ ရောဝတီနှင့် GFA အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည့် ရတနာပုံနှင့် မကွေးအသင်းတို့ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ရတနာပုံအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

ရတနာပုံအသင်းအတွက် ဂိုးများကို ဝင်းနိုင်စိုးက နှစ်ဂိုး၊ မျိုးကိုထွန်းနှင့် ဝင်းနိုင်ထွန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးနှစ်ဂိုးကို ချိုထွန်းနှင့် အောင်မြင့်ထွန်းတို့က သွင်းယူခဲ့သည်။ ရှမ်းနှင့်ရောဝတီပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ပြီး နှစ်သင်းစလုံး ခြေစွမ်းပိုင်း စမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများအား အဓိကစမ်းသပ်ခဲ့သည်။ ယင်းပွဲတွင် ရောဝတီအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းအတွက် ဂိုးများကို ထရာအိုရေး၊ ရဲအောင်၊ လူးဝစ်နှင့် ဖွန်ဆီကာတို့က သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို အာချာ၊ လီဟန်ကွတ်နှင့် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့သည်။ အခြားပွဲများတွင် GFA အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဟံသာဝတီနှင့် မြဝတီအသင်း ဂိုးမရှိသရေကျခဲ့သည်။

**ရှိုင်းထက်ဇော်**

❂ **ကျောဖုံးမှ**

လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် ၅ ရပ်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၂/၂၀၁၇ ဖြင့် မိမိအပါအဝင် အဖွဲ့ဝင် ၃၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပကာ အစည်းအဝေး ဆုံးဖြတ်ချက် ၁၂ ချက် ချမှတ်ခဲ့ပြီး အဆိုပါ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆပ်ကော်မတီ ကိုးခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် ၁၇ ချက်ကို ချမှတ်ခဲ့ပါကြောင်း။

အဆိုပါဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါကြောင်း၊ လွတ်လပ်ရေးနေ့တွင် အခမ်းအနားအစီအစဉ်ကို အပိုင်းနှစ်ပိုင်းနှင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား၊ ညနေပိုင်းတွင် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတို့ ဖြစ်ပါကြောင်း။

အဆိုပါ အခမ်းအနားများကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဆပ်ကော်မတီ ကိုးခုအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျ အကွက်စေ့အောင် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် ကဏ္ဍအလိုက် အားလုံးပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှသာ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် နီးကပ်လာသည်နှင့်အမျှ ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများ ပြီးပြည့်စုံနေမည်ဟု ယုံကြည်ပါကြောင်း။

ယခုအခမ်းအနားသည် နိုင်ငံတော်အခမ်းအနားဖြစ်သည့်အတွက် အားနည်းချက်များမရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရာသီဥတုအခြေအနေများအပေါ် တွက်ဆကာ ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများက ယခင်ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အခြားလိုအပ်ချက်များနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ် မိုးကြည်၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေး ဆပ်ကော်မတီ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် သက်ဆိုင်ရာကော်မတီအလိုက် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဦးသောင်းထွန်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အမျိုးသား ကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမျိုးသားကျန်းမာရေးစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့၏ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသို့ အသိပေး ဆောင်ရွက်စေလိုပါကြောင်း၊ သို့မှသာ လိုအပ်ချက်များကို ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ အဖွဲ့အနေဖြင့်လည်း ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်လေ့လာ သုံးသပ်ကာ အချင်းချင်း ပြတ်ပြတ်သားသား ဆွေးနွေးကြရန်ဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် အားရကျေနပ်မိပါကြောင်း၊ နယ်များသို့ ကွင်းဆင်း ဆောင်ရွက်ကြရာတွင် Checklist များဖြင့် ဆောင်ရွက်ကြပြီး ပြန်လည်ရောက်ရှိသည့်အခါ တွေ့ရှိသည့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲသင့်သည်ကို ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားကျန်းမာရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ ဦးဆောင်မှုဖြင့် Sense of ownership ထားပြီး ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း အောင်မြင်ရန်အတွက် အောက်ခြေတွင် အဓိကကြိုးစား ဆောင်ရွက်နေသူများမှာ အခြေခံ ကျန်းမာရေးဝန်ထမ်းများဖြစ်သည့်အတွက် ၎င်းတို့ကို ရှေ့တန်းမှထားကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လက်ထောက်အတွင်းဝန် ဒေါက်တာသန့်ဇင်ထူးက အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၃ နာရီခွဲမှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲမှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှ လာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှ လည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ထားသည်။

**ကြေးမုံ**

## YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၆)တွင် သင်တန်းသား ၃၀၀ မှ ၅၀၀ အတွင်း ခေါ်ယူသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

လာမည့် ဇန်နဝါရီလအတွင်း ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည့် YBS အထူးယာဉ်မောင်း သင်တန်း အပတ်စဉ်(၆)တွင် သင်တန်းသား ၃၀၀ မှ ၅၀၀ အတွင်း ခေါ်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တို့ ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)ကို ယခုနှစ် ဇူလိုင်လက စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းများ ဆက်တိုက်ဖွင့်လှစ်ခဲ့ရာ အပတ်စဉ်(၁)မှ အပတ်စဉ်(၅) (ဒီဇင်ဘာ ၁၉ ရက်) အထိ သင်တန်းအောင်မြင်ပြီးမြောက်ထားသူ သင်တန်းဆင်း ယာဉ်မောင်း ၄၆၃ ဦးခန့်ရှိပြီး YBS ယာဉ်လိုင်းများတွင် မောင်းနှင်ဆောင်ရွက်နေကြောင်း သိရသည်။

ဆက်လက်၍ ဖွင့်လှစ်ရန် ပြင်ဆင်ထားသည့် သင်တန်းအပတ်စဉ်(၆)တွင် သင်တန်းသား ၃၀၀ မှ ၅၀၀ ခန့်အထိ ဖွင့်လှစ်သင်တန်းပေးနိုင်ရန် စီစဉ်ထားပြီး ယခုရက်ပိုင်းတွင် သင်တန်းသား လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ကြောင်း YRTA မှ သိရသည်။ ယခင်ဖွင့်လှစ်ခဲ့သည့် အထူးယာဉ်မောင်းသင်တန်းများတွင် သင်တန်းသားစုစုပေါင်း ၁၀၀ ခန့်သာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

အဆိုပါ သင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းအောင်မြင်သော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယင်းအပြင် သင်တန်းဆင်း ယာဉ်မောင်းများအား YRTA အသိအမှတ်ပြု ယာဉ်မောင်းကတ်ပြားများ ထုတ်ပေးသွားမည်ဟု သိရသည်။

**၀၀၁**

❖ **၂၀၁၈ MNL မှ**

ဇန်နဝါရီ ၁၂ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမအကျော့အပြီးတွင် နှစ်ပတ်သာနားကာ ဒုတိယအကျော့ပွဲစဉ်များကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲမှာ စက်တင်ဘာ ၂၃ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲကြောင့် ဩဂုတ်လတွင် ပြိုင်ပွဲအား ခေတ္တရပ်နားမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲကစားရမည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့မှာ ရာသီအစတွင် ပွဲကျပ်ကစားရဖွယ်ရှိနေသည်။

ပြိုင်ပွဲဝင်ကလပ်အသင်းများအနက် GFA၊ မကွေး၊ မြဝတီနှင့် ဇွဲကပင်အသင်းတို့မှ လွဲ၍ ကျန်ရှစ်သင်းမှာ အိမ်ကွင်းလက်ခံကစားမည်ဖြစ်သည်။ ရာသီကြို ပြင်ဆင်မှုအရ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းမှာ ချန်ပီယံဆုရယူနိုင်ရန် ရေပန်းအစားဆုံး ဖြစ်နေသည်။

**ရှိုင်းထက်ဇော်**

❒ **ဘူးသီးတောင်မှ**

အခမဲ့ ဆေးကုသပေးနိုင်ခဲ့ပြီဖြစ်ပါတယ်” ဟု ဒေါက်တာ စောမင်းသိမ်းက ပြောသည်။ အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့များအနေဖြင့် ဝေးလံပြီး လုံခြုံရေးပေးနိုင်သော ကျေးရွာများသို့ သွားရောက်ကာ တစ်လလျှင် ရက် ၂၀ ခန့် အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း၊ လာမည့် ခြောက်လမှ ခုနစ်လကြာ ပြည်နယ်နှင့် ပြည်ထောင်စုဘတ်ဂျက် အစီအစဉ်တို့ဖြင့် ရွေ့လျားဆေးကုသပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဘူးသီးတောင်၊ မောင်တောဒေသသည် ပြီးခဲ့သည့် ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ကျေးရွာတိုက်နယ်ဆေးရုံများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရန်ခက်ခဲမှုကို အထောက်အပံ့ဖြစ်စေရန်အတွက် Mobile Team များဖြင့် ဆေးကုသရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

# ရခိုင်ပြည်နယ်သတင်း

## အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**နေပြည်တော် ဒီဇင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ အိန္ဒိယနိုင်ငံ Foreign Secretary ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယအစိုးရနှင့် မြန်မာအစိုးရတို့အကြား ရခိုင်ပြည်နယ်တွင်နေထိုင်သော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးခြင်းများ၊ ထောက်ပံ့မှု၏ အရေးပါမှုများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး မြှင့်တင်ခြင်းများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ရေးထိုးမည့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်သော ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအား ဆက်လက်ကျင်းပရာ မြန်မာအစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အိန္ဒိယအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ Foreign Secretary ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအားဖြင့် ရခိုင်ပြည်နယ်၏ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယအစိုးရမှ မြန်မာအစိုးရအား ထောက်ပံ့ငွေအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့သွားမည်ဖြစ်ပြီး ဆောင်ရွက်မည့် စီမံကိန်းများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ဖန်တီးပေးခြင်းများ၊ တံတားငယ်များ ဆောက်လုပ်ခြင်း၊ လမ်းများပြုပြင်မွမ်းမံခြင်း၊ အသေးစား စွမ်းအင်စီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၊ လေ့ကျင့်ရေးစင်တာ တည်ထောင်ပေးခြင်းများ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအား ထိန်းသိမ်းခြင်းများ၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်း စသည့် လုပ်ငန်းများပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် အင်းဒင်ကျေးရွာ သုသာန်၌ အမည်မသိ ရုပ်အလောင်းများ တွေ့ရှိမှုနှင့်ပတ်သက်ပြီး တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာ သုသာန်၌ မည်သူမည်ဝါမခွဲခြားနိုင်သော ရုပ်အလောင်းများ တွေ့ရှိမှု၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့မှု ရှိ၊ မရှိ စစ်ဆေးရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးစီးသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာနယ်မြေဒေသသို့ ယနေ့ထွက်ခွာသွားကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**



## ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောခရိုင်အတွင်း လူနေအိမ် ၇၄ လုံး ဆောက်လုပ်မည်

**ဘူးသီးတောင် ဒီဇင်ဘာ ၂၀**

မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံတိုင်းရင်းသားများ လုံခြုံရေး၊ မိမိတို့ နေရပ်ဒေသကို စွန့်ခွာမသွားရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရ ရန်ပုံငွေကျပ် ၅၁၈ သန်းဖြင့် မောင်တောမြို့နယ် ကပ္ပကောင်းကျေးရွာတွင် လူနေအိမ် ၁၈ လုံး၊ စံကားပင်ရင်း(ရခိုင်)ကျေးရွာတွင် ၂၉ လုံးနှင့် ဘူးသီးတောင်မြို့နယ် ကျောက်ရန်ကျေးရွာတွင် လူနေအိမ် ၂၇ လုံး စုစုပေါင်း ၇၄ လုံးတို့ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လကုန်တွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း မောင်တောခရိုင် ကျေးလက်ဦးစီးဌာနမှူး ဦးထွန်းလှိုင်က ပြောကြားသည်။

အဆိုပါအိမ်များမှာ တစ်ထပ်အုတ်တိုက်များဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီများမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။ နေအိမ်ဆောက်လုပ်နေမှုအခြေအနေနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းလှိုင်နှင့် အဖွဲ့က ၎င်းကျေးရွာများသို့ လူနေအိမ်ဆောက်လုပ်မှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြရာ မောင်တောမြို့နယ်တွင် ၂၅ ရာခိုင်နှုန်းနှင့် ဘူးသီးတောင်မြို့နယ်တွင် ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ နေအိမ်အကျယ်အဝန်းမှာ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ကိုးပေ ကျယ်ဝန်းပြီး လူနေအိမ်တစ်လုံးတန်ဖိုးမှာ ကျပ်သိန်း ၇၀ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း မေလတွင် ပြီးစီးရန် ခန့်မှန်း

**နေပြည်တော် ဒီဇင်ဘာ၂၀**

မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလမ်းမကြီးတစ်ခုဖြစ်လာမည့် အင္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် ခန့်မှန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အခုပွင့်လင်းရာသီမှာ အပြီးဆောင်ရွက်သွားနိုင်မယ်လို့ ခန့်မှန်းထားပါတယ်၊ ဇွန်လမတိုင်မီ မေလကုန်မှာပြီးစီးဖို့ ခန့်မှန်းထားပါတယ်"ဟု အေးရှားဝေါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ အင္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာစဉ် အေးရှားဝေါကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အင္ဂူမော်-မောင်တောလမ်းကို UEHRD စီမံကိန်းလက်အောက်တွင် အေးရှားဝေါကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လမ်းအရှည် ၄၉ မိုင်ခြောက်ဖာလုံရှိသည်။ လက်ရှိ အင္ဂူမော်-မောင်တောလမ်းမှာ မောင်တောမှ ဥဒေါင်းအထိ ကွန်ကရစ်လမ်းအဖြစ် တည်ရှိနေပြီး ကျန်အပိုင်းမှာ ကျောက်ချောလမ်းအဖြစ် တွေ့ရသည်။

အေးရှားဝေါကုမ္ပဏီအနေဖြင့် ယင်းလမ်းမကြီးကို ၁၈ ပေ အကျယ်ရှိ ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ယခုအခါ ယင်းလမ်းမကြီးကို အေးရှားဝေါကုမ္ပဏီက လူအင်အား ၂၆၀၊ စက်၊ ယာဉ်ယန္တရား ၃၅ စီးဖြင့် လုပ်ငန်းများ အင်တိုက်အားတိုက် စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းလမ်းမကြီး တည်ဆောက်ပြီးစီးသွားပါက စစ်တွေမြို့မှ အင္ဂူမော်သို့ ကူးတို့ရေယာဉ်ဖြင့်ကူးပြီး မောင်တောမြို့သို့ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်၍ ဒေသတွင်းလုံခြုံရေးကို အထောက်အကူပြုနိုင်မည့်အပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

**သတင်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**



# ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန ဖွင့်လှစ်နိုင်တော့မည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး ဈေးနှုန်းသက်သာ၍ အရည်အသွေး ကောင်းမွန်သည့်ငါးများကို လူတိုင်းလုံလောက်စွာ စားသုံးလာနိုင်ကြစေရေး၊ စရိတ်သက်သာစွာဖြင့် ဆောင်ရွက်နိုင်သည့် လှောင်အိမ်စနစ်သုံး တစ်ပိုင်တစ်နိုင် ငါးမွေးမြူခြင်းလုပ်ငန်းများ တွင်ကျယ်စွာ တိုးတက်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားလာစေရေး ပညာပေးစည်းရုံးဆောင်ရွက်ရန် ယနေ့ နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ် (၃၆)၌ ကျင်းပသည့် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ငါးမျိုးမပြုန်းတီးစေရေးအတွက် ငါးသားပေါက်ရာသီချိန်တွင် ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ မီဒီယာများမှတစ်ဆင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သင်တန်းများ ဆောင်ရွက်ပေးခြင်း၊ စံနမူနာပြ လုပ်ကွက်များ ဖော်ထုတ်ပြသပြီး ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအား နည်းပညာ အပါအဝင် လိုက်နာဆောင်ရွက်ကြရမည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို တိကျစွာ သိရှိနားလည်သဘောပေါက်စေရန် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများအား အလေးထား ဆောင်ရွက်ကြစေလိုကြောင်း။

ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် လယ်ယာမြေ အခြားအသုံးပြုခွင့်များ ဆောင်ရွက်ရာ၌ အမျိုးသားထုတ်လုပ်မှု စွမ်းအားနှင့် နိုင်ငံ၏ ပင်မရိက္ခာဖြစ်သော ဆန်စပါးထုတ်လုပ်မှုကို မထိခိုက်စေရန် ထည့်သွင်းစဉ်းစားရပါကြောင်း၊ မြစ်မ်းရောင်စီမံကိန်း၏ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးအောင်မြင်ရေးအတွက် အထူးဂရုပြုကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်း ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ တရားမဝင် ငါးဖမ်းလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်ရေး၊ ရေထွက်ပစ္စည်းများ ပြည်ပသို့ တရားဝင်တင်ပို့နိုင်ရေး၊ ရေထွက်ပစ္စည်းများအား နောက်ကြောင်းပြန် စိစစ်မှု (Traceability)ကို သတ်မှတ် စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ငါးဖမ်းရေယာဉ်များနှင့် ငါးချဆိပ်ကမ်းများတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ငန်းရှင်များနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး ပြည်ပနိုင်ငံ ဈေးကွက်များသို့ တရားဝင် တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရေပြင်ပိုင်နက်အတွင်းတွင် MOBLEME အစီအစဉ်အရ သိပ္ပံနည်းကျငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် FAO နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ KOICA နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းရင်းနှီးမြှုပ်နှံမှုဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် "ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန"ကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘန်ကောက်မြို့တွင် ကျင်းပသည့် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ အစည်းအဝေးများ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် (၅၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်/အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲနှင့် (၃၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များအစည်းအဝေးများသို့ တက်ရောက်သည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် "Pursuing Stability in a World of Instability" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် (၅၃) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်/အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် SEACEN အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲတွင် Will politics lead economics?: Geopolitical risks and implications for central banks၊ Technological innovations: Implications for central banks in the next five years နှင့် Redefining mandates of central banks: Monetary policy and financial cycles အကြောင်းအရာများနှင့် စပ်လျဉ်း၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သည့် (၃၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး SEACEN အဖွဲ့၏ ၂၀၁၇ ခုနှစ်အတွက် ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူမည့် ထိုင်းဗဟိုဘဏ်ဥက္ကဋ္ဌ ဖြစ်သူ H.E. Dr. Veerathai Santiprabhob သို့ ဥက္ကဋ္ဌ တာဝန်အား လွှဲပြောင်းပေးသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး SEACEN Centre မှ အမှုဆောင်အရာရှိ Dr. Hans Genberg က ၂၀၁၇ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၈ ခုနှစ်အတွက် SEACEN Centre မှ ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများအား တင်ပြရာ ဂါဗာနာများက လိုအပ်သည့်မှာကြားမှုများ ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ဒီဇင်ဘာ ၁၇ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးကျုံးပတ်လည် သာယာလှပရေးအတွက် လာမည့်နှစ်ဆန်းပိုင်းတွင် ပြုပြင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်မည်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးကျုံးပတ်လည် သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်မှုလုပ်ငန်းများကို လာမည့်နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုပြင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ဒီဇင်ဘာ ၁၉ ရက်က မန္တလေးမြို့တော်ဝန် ဦးဆောင်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး လက်ရှိဘတ်ဂျက်ငွေများမှ သုံးစွဲကာ နိုင်ငံတကာအဆင့်မီ သာယာလှပသော ကျုံးပတ်လည်ဖြစ်စေရန် ပြုပြင်မွမ်းမံသွားရန်နှင့် ကျုံးတောင်ဘက် (၂၆) လမ်းကို ပထမဦးစွာ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"လက်ရှိ ကျုံးပတ်လည် အခြေအနေက ကြည့်လို့မကောင်းတာတွေ တော်တော်တွေ့နေရတယ်၊ လမ်းအခင်းတွေ၊ တံတားတွေ၊ ရေမြောင်းတွေလည်း ပျက်စီးချွတ်ယွင်းနေတာ တွေ့ရသလို ခတ်တိုင်နဲ့ ကျုံးအကာအရံတွေကလည်း မညီမညာဖြစ်နေပြီး အမှိုက်ပုံးနဲ့ ကြော်ငြာဆိုင်းဘုတ်တွေကလည်း ဖြစ်သလိုချိတ်ဆွဲထားကြတာကို တွေ့ရတယ်၊ ဒါတွေကို စည်ပင်မှာရှိတဲ့ ဘတ်ဂျက်ပေါ်မူတည်ပြီး တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်နဲ့ ရေရှည်ကောင်းအောင် ကျုံးလေးဖက်စလုံးကို ဦးစားပေးအဆင့်အနေနဲ့ပြုပြင်သွားမှာပါ"ဟု ၎င်းက ပြောသည်။



အဆိုပါ ကျုံးပတ်လည်ပြုပြင်မှုလုပ်ငန်းများတွင် ကျုံးဘေးတစ်လျှောက် လူသွားလမ်းအဖြစ် ခင်းကျင်းထားသည့် လမ်းများကို လျှောက်လမ်းနှင့် စက်ဘီးလမ်းများအဖြစ်သာမက မသန်စွမ်းသူများ Wheel Chair ဖြင့် သွားလာနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြား အမြင်တင့်တယ်စေမည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျုံးမြို့ရိုးတောင်ဘက်ခြမ်းတွင်လည်း ယခင်ရှိခဲ့ဖူးသည့် မန်းသီတာဥယျာဉ်ကဲ့သို့ အပန်းဖြေဥယျာဉ်တစ်ခုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်းနှင့် တတိယလုပွဲ ကစားရမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၂၁ အသင်းသည် ထိုင်း ယူ-၂၁ အသင်းနှင့် တတိယလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ ထိုင်း ယူ-၂၁ အသင်းသည် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် သုံးဂိုးစီသရေကျခဲ့သောကြောင့် တတိယလုပွဲ ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ် ယူ-၁၉ အသင်းသည် အနိုင်ရလျှင် တတိယလုပွဲကစားခွင့်ရမည်ဖြစ်သောကြောင့် ကြိုးစားကစားခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ဗိုလ်လုပွဲ၌ ဗီယက်နမ် ယူ-၂၁ အသင်းနှင့် လက်ရှိချန်ပီယံ ယိုကိုဟားမား ယူ-၂၁ အသင်း၊ တတိယနေရာလုပွဲ၌ မြန်မာ ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်းတို့ တွေ့ဆုံနေကာ ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မူခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာ တပ်မတော် တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း အောင်ဆန်းခန်းမရှေ့၌ ဒီဇင်ဘာ ၂၀ ရက်က မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်းက မူခင်းလျော့နည်းကျဆင်းရေးအကြောင်း၊ အမှတ် (၁၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (မော်လမြိုင်)မှ ဒုတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ငွေးရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း၊ အမှတ်(၃၈) မူးယစ်တပ်ဖွဲ့စု(မော်လမြိုင်)မှ တပ်ဖွဲ့စုမှူး ရဲမှူးသန်းဝင်းရွှေက မူးယစ်ဆေးဝါးဖြစ်ပေါ်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မော်လမြိုင်)မှ ရဲမှူးမိုးဦးက လူကုန်ကူးမှုလျော့နည်းကျဆင်းရေးအကြောင်း ဟောပြောခဲ့ကြသည်။ **၁၀၇**

# မြန်မာ့ဗိသုကာလက်ရာများပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ဗိသုကာအသင်းက ဦးစီးကျင်းပသော ဗိသုကာပြပွဲ (Architects' Fair 2017-18) ကို (၃၀၊ ၃၁ ဒီဇင်ဘာမှ ၁ ဇန်နဝါရီ ၂၀၁၈ ထိ)ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဟု သိရသည်။

ပြည်သူ့အတွက် ဗိသုကာဟူသော ခေါင်းစဉ်ဖြင့် ဗိသုကာပညာရပ်နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများ၊ အများပြည်သူအတွက် ဝန်ဆောင်မှုပေးနေသည့် ဗိသုကာတို့၏ လုပ်ငန်းများကို ပြသမည့်ပြပွဲ ဖြစ်သည်ဟု မြန်မာနိုင်ငံ ဗိသုကာအသင်းမှ အဆိုပါ ပြပွဲဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံရှိ ဗိသုကာများ ရေးဆွဲပုံထုတ်ခဲ့သည့် စီမံကိန်းများနှင့် ဒီဇိုင်းလက်ရာများ၊ နိုင်ငံတော်စီမံကိန်းများတွင် ပါဝင်ခဲ့သော ဗိသုကာလက်ရာများ၊ အများပြည်သူအတွက် ရည်ရွယ်သည့် စီမံကိန်းဒီဇိုင်းလက်ရာများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၏ ပြကွက်များ၊ မြန်မာ့ဗိသုကာသမိုင်းဆိုင်ရာ ပြကွက်များနှင့် ခေတ်အဆက်ဆက် ထင်ရှားခဲ့သော မြန်မာဗိသုကာကြီးများ၏ လက်ရာ အဆောက်အအုံတို့၏ ဒီဇိုင်းပုံစံနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဟု သိရသည်။




ဗိသုကာပညာရပ်နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း စသည်တို့ကလည်း ပြပွဲတွင် ပူးပေါင်းပါဝင် ပြသသွားကြမည်ဟု သိရသည်။

ထို့ပြင် အမျိုးသားဇာတ်ရုံအတွင်း၌ ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းများ၊ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုပွဲများ၊ ဗိသုကာပညာ၊ မြို့ပြစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တိုက်ရိုက် ဆွေးနွေးပြောဆိုချက်များ၊ ပြည်သူလူထု၏ ရှုမြင်သုံးသပ်ပုံ အတွေးအမြင်နှင့် သဘောထားများကို ဖလှယ်ဆွေးနွေးမည့် အစီအစဉ်များ နေ့စဉ်ပြုလုပ်သွားမည်ဟုလည်း သိရသည်။

ထိုသုံးရက်ကြာ ဗိသုကာပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး နည်းပညာသစ်များ၊ ခိုင်ခံ့မှုအပါအဝင် စက်မှုပိုင်း၊ လျှပ်စစ်နှင့် စွမ်းအင်ပိုင်း အစရှိသည့် ဆက်စပ်ပညာရပ်ဆိုင်ရာ ပညာရှင်များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်နေမှုများကိုလည်း သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ပူးတွဲပြသသွားမည်ဟုသိရသည်။ ပွဲနောက်ဆုံးရက်တွင်လည်း ဗိသုကာများက စရိတ်သက်သာ လူနေအိမ်ဒီဇိုင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ ကိုယ်ထူကိုယ်ထ မူလတန်းစာသင်ကျောင်း အစရှိသည့် အဆောက်အအုံ ဒီဇိုင်းတို့ကို အများပြည်သူ အဆင်သင့်အသုံးပြုဆောက်လုပ်နိုင်မည့် ပြည့်စုံသော ဆွဲပုံများ လှူဒါန်းမည်ဟု သိရသည်။ ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ် မတ်လက ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုဗိသုကာပြပွဲသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဂိုဏ်းပေါင်းစုံသံဃာတော်အပါး ၁၈၀၀၀ တို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား မကျင်းပမီ ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက် အခမ်းအနားပြီးစီးသည်အထိ ဦးဝိစာရလမ်းအား ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံမှ မော်ကွန်းတိုက်လမ်းဆုံအထိလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရလမ်းဆုံမှ လင့်လမ်းအထိလည်းကောင်း၊ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်း/သစ်မှ ဦးဝိစာရနှင့် အာဇာနည်လမ်းဆုံအထိလည်းကောင်း၊ ရေတာရှည်လမ်းဟောင်း /သစ်အား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ကြားတောရလမ်းအား ကမ္ဘာအေးစေတီလမ်းမှ ရွှေတိဂုံအရှေ့မုခ်အထိလည်းကောင်း၊ ဦးထောင်ဘိုလမ်းအား ဗဟန်းအဝိုင်းမှ ဦးဝိစာရအဝိုင်းအထိ လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ ပန်တျာလမ်းအထိလည်းကောင်း၊ မြို့မကျောင်းလမ်းအားအလုံလမ်းမှ မော်ကွန်းတိုက်လမ်းအထိလည်းကောင်း၊ အလုံလမ်းအား ပြည်လမ်းမှ ဦးဝိစာရအဝိုင်းအထိလည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံအထိလည်းကောင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အခြား သင့်လျော်သည့်လမ်းများမှ မောင်းနှင်သွားလာခြင်းဖြင့် ကူညီပါရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ထားသည်။

**ကြေးမုံ**

# ထမင်းပေါင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းအိမ်ရာဝင်းရှိ အာရ်စီ ၁၆ ခန်းတွဲ သုံးထပ်တိုက်(အပေါ်ဆုံးထပ်) အခန်းအမှတ်(၆၇) အိမ်ရှင် ဦးတိုးနိုင်၏ မီးဖိုခန်းတွင် ထမင်းပေါင်းအိုးတည်ရာမှ ယနေ့မွန်းလွဲ ၂ နာရီ ၄၃ မိနစ်က မီးလောင်မှုဖြစ်ပွားရာ အဆိုပါ မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြသည်။

ဖြစ်စဉ်မှာ မီးဖိုခန်းတွင် လူမရှိဘဲ ထမင်းပေါင်းအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူများက မီးသတ်ဆေးဘူး လေးဘူးဖြင့် ကနဦး မီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုကို Level-1 အဆင့်သတ်မှတ်ကာ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ ကွပ်ကဲမှုယာဉ်လေးစီး စုစုပေါင်း မီးသတ်ယာဉ် ၁၈ စီး လာရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်အား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးမင်းသူ**

# ရန်ကုန်မြစ်အတွင်း စက်တပ်သမ္ဗန် နစ်မြုပ်မှုဖြစ်၊ မောင်းသူအပါအဝင် သုံးဦးပျောက်ဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ကူးတို့ဆိပ်၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၄ နာရီခွဲက ကမာကဆစ်ကူးတို့ဆိပ် ကမ်းနားဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော စက်တပ်သမ္ဗန်တစ်စင်းသည် သမ္ဗန်ဆိပ်ရှေ့အနီးတွင် စက်လှေပန်ကာ(ဒိုက်) အမှိုက်များငြိ၍ အမှိုက်ဆင်းရှင်းရာ ရေစီးနှင့်အတူ မျောပါသွားပြီး မြစ်အတွင်း ကျောက်ချရပ်နားထားသော စီဘီကုန်တင်တွဲနှင့် ကန့်လန့်ခံတိုက်မိရာမှ ယာဉ် နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဒလမြို့နယ် ကမာကဆစ်ကူးတို့ သမဝါယမအသင်းပိုင် စက်လှေမောင်း မောင်ဇင်မင်းသူ (၃၁)နှစ် ကမာကဆစ်ရပ်ကွက်နေသူ မောင်းနှင်သော သမ္ဗန်ကူးတို့ ရေယာဉ်အမှတ် (၇/၁၅) ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်နှင့် မောင်းသူအပါအဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၁၄ ဦးအနက်မှ အမျိုးသားကိုးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး မောင်းသူအပါအဝင် အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့မှာ ယခုအချိန်ထိပျောက်ဆုံးနေသဖြင့် ရန်ကုန်မြစ်အတွင်း၌ ကူးတို့သမဝါယမစက်လှေအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်



လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်လှေပေါ်တွင် လိုက်ပါသွားသူများအနက် ပျောက်ဆုံးနေသူများမှာ စက်လှေမောင်း မောင်ဇင်မင်းသူ၊ အညာသား(ခ)နေမျိုးအောင်နှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# ရေတာရှည်မြို့နယ်တွင် ကြီးမားသည့် ကညင်သစ်လုံးကြီးများ သိမ်းဆည်းရမိ

**ရေတာရှည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က မြို့လှမြို့ ဘိနယ်သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ခိုးထုတ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ရာ ကြီးမားသည့် ကညင်သစ်လုံးခြောက်လုံး (၃၅ ဒသမ ၆၆၀၂ တန်) ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သစ်လုံးကြီးများမှာ ကြီးမားလွန်းသည့်အတွက် သတ်မှတ်နေရာသို့ သယ်ဆောင်နိုင်ရေးနှင့် တရားမဝင်သစ်ခုတ်လှဲသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ခရီးသည်တင်ယာဉ်၏ ထိုင်ခုံများအောက် အံဝှက်ပြုလုပ် သယ်ဆောင်လာသောသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် ထိုင်ခုံများအောက် အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ခရီးသည် ထိုင်ခုံများအောက်တွင် အံဝှက်ပြုလုပ် သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေ့သစ် ၂၆ တုံး (၁ ဒသမ ၉၄၂၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၈၂၇ သန်းခန့်) အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေး စခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၃၂၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၆၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၄၈၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာ ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၆၆ စီး၊ သွင်းကုန် ၉၉၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# ယာဉ်တိုက်ခံရသည့် အမျိုးသမီးကို အခြားယာဉ်တစ်စီးက ထပ်မံကြိတ်မိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ယာဉ်တိုက်ခံရသည့် အမျိုးသမီးကို အခြားယာဉ်တစ်စီးမှ ထပ်မံကြိတ်မိပြီး မောင်းနှင်ထွက်ပြေးမှု မင်္ဂလာဒုံမြို့နယ်၌ ယနေ့နံနက်အစောပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမရှိ (၁၂) လမ်း မှတ်တိုင်အနီး၌ လမ်းဖြတ်ကူးသည့် အမျိုးသမီး(၄၀)နှစ်ခန့်အား ယာဉ်(စုံစမ်းဆဲ)တစ်စီးက တိုက်၍ ထွက်ပြေးမောင်းနှင်သွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်တိုက်ခံရသူအမျိုးသမီးမှာ လမ်းပေါ်လဲကျနေစဉ် နောက်မှမောင်းနှင်လာသော အခြားယာဉ်(စုံစမ်းဆဲ) တစ်စီးက ယာဉ်တိုက်ခံရသော အမျိုးသမီးအား ထပ်မံကြိတ်မိ၍ ချိတ်ပါခဲ့ရာ အမှတ်(၃)လမ်းမ ညောင်ပင်မှတ်တိုင်အနီးထိ ချိတ်ပါခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာအနီးရှိ တာဝန်သိပြည်သူများက ပုလဲမြို့သစ်အရန်မီးသတ်တပ်ဖွဲ့သို့ ဖုန်းဆက်အကူအညီတောင်းခံခဲ့သဖြင့် ပုလဲမြို့သစ်အရန်မီးသတ်တပ်ဖွဲ့က သွားရောက်ကူညီခဲ့ပြီး သေဆုံးသူအမျိုးသမီးအလောင်းအား သက်ဆိုင်ရာသို့ အပ်နှံကူညီခဲ့ကြောင်း၊ သေဆုံးသူအမျိုးသမီး နှင့်အတူ ပါရှိလာသော တန်ဖိုးရှိပစ္စည်းများဖြစ်သည့် နားကပ် တစ်ရန်၊ ငွေစုစာအုပ်၊ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂၀၀၀၀ တို့အား ဆေးရုံမှူးခင်းရဲထံသို့ အပ်နှံဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**ပွင့်သစ္စာ**

# မန်စီးတီးနှင့် အာဆင်နယ် ကာရာဘာအိုဖလား ဆီမီးဖိုင်နယ်တက်လှမ်း



ကာရာဘာအိုဖလားကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များအဖြစ် လက်စတာ စီးတီးအသင်းနှင့် မန်စီးတီးအသင်း၊ အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်း အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစား ခဲ့ရာ မန်စီးတီးအသင်းနှင့် အာဆင် နယ်အသင်းတို့သည် ပြိုင်ဘက် အသင်းများကို အနိုင်ရရှိကာ ဆီမီး ဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီ ဖြစ်သည်။

ကာရာဘာအိုဖလားဆီမီးဖိုင်နယ် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယို က အတော်လေး ပျော်ရွှင်မှုရရှိခဲ့ ကြောင်းပြောကြားခဲ့ပြီး မန်စီးတီး အသင်းက လက်စတာစီးတီးအသင်း ကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းနှင့် မန်စီး တီးအသင်းတို့ပွဲစဉ်တွင် မန်စီးတီး အသင်းသည် ဘီမာဒိုဆေးလ်ဗား၏ ပွဲကစားချိန် ၂၆ မိနစ်တွင် သွင်းယူခဲ့ သည့် သွင်းဂိုးဖြင့် ဦးဆောင်ကစား နိုင်ခဲ့ပြီး လက်စတာစီးတီးအသင်း မှာ နာကျင်အချိန်ပိုတွင် ရရှိလာခဲ့ သည့်ပင်နယ်တီသွင်းဂိုးကို တိုက်စစ် မှူးဗာဒီက သွင်းယူပေးခဲ့ခြင်းကြောင့် တစ်ဖက် တစ်ဂိုးစီသရေရလဒ် ထွက် ပေါ်ခဲ့သည်။ ထို့ကြောင့် အချိန်ပို ကစားခဲ့ပြီး ပြတ်သားသည့်ရလဒ် မထွက်ပေါ်ခဲ့မှုကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ မန်စီးတီး အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် မန်စီးတီးအသင်းက လေးဂိုးအထိ ဂိုးဝင်ခဲ့သော်လည်း လက်စတာစီးတီး အသင်းမှာ တိုက်စစ်မှူးဗာဒီ၏ ပင်နယ်တီသွင်းဂိုး လွဲခဲ့သည့်အပြင် မာရက်ဇ်၏ သွင်းဂိုးကိုလည်း မန်စီး တီးဂိုးသမား ဘရာဗိုက ကာကွယ်နိုင် ခဲ့သည်။

လန်ဒန်မြို့ခံပြိုင်ဘက် အသင်း နှစ်သင်းဖြစ်သည့် အာဆင်နယ် အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို ပွဲကစားချိန် ၄၂ မိနစ်တွင် ရရှိလာသည့် တိုက်စစ်မှူး ဝဲလ်ဘက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးသည် နယူး ကာဆယ်အသင်းနှင့် ကစားခဲ့သည့် ကစားသမားအများစုကို အပြောင်း အလဲလုပ်ကာ ပွဲထွက်ကစားစေခဲ့ခြင်း ကြောင့် ပထမပိုင်းတွင် ဧည့်သည် ဝက်စ်ဟမ်းအသင်း၏ နောက်တန်းကို ခက်ခက်ခဲခဲ ရုန်းကန်ကစားခဲ့ရသည်။ သို့ရာတွင် ပထမပိုင်းပွဲပြီးခါနီးတွင် တိုက်စစ်မှူးဝဲလ်ဘက်က ဝက်စ်ဟမ်း အသင်း၏ နောက်တန်းခံစစ်ကြောင်း မာကြောမှုကို ဖြတ်ကျော်ကာ အာဆင် နယ်အသင်းအတွက် ဂိုးသွင်းယူပေး နိုင်ခဲ့သည်။

# ဝက်ဖို့ဒ်အသင်းခေါင်းဆောင် ဒီနေး လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရ

ပရီမီယာလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းမှ အသင်း ခေါင်းဆောင် ဒီနေးသည် ဟက်ဒါဖီးလ်အသင်းနှင့် ပွဲစဉ်တွင် ပြသခံခဲ့ရသည့် အနီကတ်ပြစ်ဒဏ်ကြောင့် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။ တိုက်စစ်မှူးဒီနေးသည် ဝက်ဖို့ဒ်အသင်းက ဟက်ဒါဖီးလ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင် ရရှိခဲ့သည့် ပွဲစဉ်၌ ပွဲကစားချိန် ၃၃ မိနစ်အရောက် တွင် ဟက်ဒါဖီးလ်ကစားသမား ကိုလင်ကွာနာအား ကြမ်းတမ်းစွာ ကစားခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင် မိုက်ကယ်အိုလီဗာ၏ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခြင်းကို ခံခဲ့ရသည်။

အဆိုပါအနီကတ်ပြစ်ဒဏ်အတွက် ဝက်ဖို့ဒ် အသင်းက လျှောက်လဲချက်တင်ခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ဘဲ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ အသင်းခေါင်းဆောင် ဒီနေးသည် ယခု ချမှတ်ခံခဲ့ရ သည့် လေးပွဲပယ်ပြစ်ဒဏ်ကြောင့် ဝက်ဖို့ဒ်အသင်း ယှဉ်ပြိုင်ကစားရမည့် ဘရိုက်တန်အသင်း၊ လက်စတာစီးတီးအသင်း၊ ဆွမ်ဆီးအသင်း၊ မန်ချက်စတာစီးတီးအသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်သည်။ ဝက်ဖို့ဒ်အသင်းသည် ယခုဘောလုံးရာသီတွင် တိုက်ရိုက်အနီကတ်ဖြင့် ကစားသမားလေးဦးအထိ ထုတ်ပယ်ခြင်းခံခဲ့ရပြီး ပရီမီယာလိဂ်ကလပ်အသင်းများထဲတွင် အနီကတ် ပြထုတ်ပယ်ခံရမှု အများဆုံးအသင်းလည်း ဖြစ်လာ ခဲ့သည်။

## ဂရစ်ဇ်မန်းအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒပြင်းပြနေဟု ဘာစီလိုနာ ပြောကြား ပုဂ္ဂိုလ်ရေးဆန်ဆန်ချဉ်းကပ်လာမှုအပေါ် အက်သလက်တီကို ဒေါသထွက်နေ

ဘာစီလိုနာအသင်းသည် လာလီဂါပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ် အသင်းမှ တိုက်စစ်မှူးဂရစ်ဇ်မန်းအားခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း လျှို့ဝှက်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။ ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ဂရစ်ဇ်မန်းနှင့် ဘာစီလိုနာအသင်းအကြီးအကဲတစ်ဦးတို့ တွေ့ဆုံခဲ့မှုကို လည်း ပြီးခဲ့သည့်တစ်ပတ်က ထုတ်ပြန်ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်း၏ ချဉ်းကပ်လာမှုနှင့်ပတ်သက်၍ ဂရစ်ဇ်မန်းအား စာချုပ်ချုပ်ဆိုရန်အတွက် ဘာစီလိုနာအသင်း၏ တရားမဝင်ကြိုးပမ်းလာမှုကို အက်သလက်တီကိုမက်ဒရစ်အသင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သို့ သတင်းပို့သွားမည်ဖြစ်ကြောင်းနှင့် ဘာစီလိုနာအသင်း၏ အလွန်ပုဂ္ဂိုလ်ရေး ဆန်လွန်းသည့် တစ်ဖက်သတ်ချဉ်းကပ်လာမှုအပေါ် အက်သလက်တီကို မက်ဒရစ်အသင်းက ဒေါသထွက်လျက်ရှိကြောင်းလည်း သိရသည်။

ဂရစ်ဇ်မန်း၏ ကိစ္စနှင့်စပ်လျဉ်း၍ ဖီဖာသို့ တိုင်ကြားရန်သင့်/မသင့်ကို အက်သလက်တီကိုမက်ဒရစ်အသင်း ရှယ်ယာရှင်များနှင့် အသင်းအကြီးအကဲ များက တွေ့ဆုံဆွေးနွေးရန်ရှိနေပြီး နောက်ဆုံးတွင် တိကျပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်မည်ဟုဆိုသည်။ ဂရစ်ဇ်မန်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ခုနစ်ဂိုးသွင်းယူ ထားပြီး လာမည့်ဘောလုံးရာသီတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ထွက်ခွာလိမ့်မည်ဟုလည်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။



# ပွဲကျပ်ကာလမှာ ထိပ်တိုက်ဆုံတွေ့လာတဲ့ အာဆင်နယ်နဲ့ လီဗာပူး

ငွေကြယ် ရေးသားသည်

### ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၁၉

လာမယ့် ဒီဇင်ဘာ ၂၃၊ ၂၄ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် ၁၉ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ အာဆင်နယ်နဲ့ လီဗာပူးဆုံတွေ့တဲ့ ပွဲဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး အာဆင်နယ်အနေနဲ့ ပထမ အကျော့ဂိုးပြတ်အရေးနိမ့်မှုကို ချေပနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

**အာဆင်နယ် - လီဗာပူး နံနက် ၂း၁၅ (၂၃-၁၂-၁၇)**

အာဆင်နယ်အနေနဲ့အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ရှိပေ မယ့် ကြားရက်မှာ လိဂ်ဖလားကွာတားအဆင့်ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်း မှုတွေရှိလာနိုင်ပါတယ်။ လီဗာပူးကတော့ လိဂ်ဖလားမကစားခဲ့ရလို့ ဒီပွဲမှာ ခြေကုန်ထုတ်လာနိုင်မှာသေချာနေပါတယ်။ လက်ရှိလီဗာပူးရဲ့တိုက်စစ်ကစား ပုံကလည်း ကောင်းမွန်နေတာကြောင့် အာဆင်နယ်တို့သရေလောက်ပဲရမယ်။

**အဲဗာတန် - ချယ်လ်ဆီး ည ၇း၀၀ (၂၃-၁၂-၁၇)**

အခုနောက်ပိုင်းမှာ အဲဗာတန်ခြေက ကောင်းမွန်နေပါတယ်။ အိမ်ကွင်း လည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ချယ်လ်ဆီးက လိဂ်ဖလားကွာတားအဆင့်ကစားခဲ့ရတဲ့အတွက် ပွဲပန်းမှုတွေရှိလာနိုင်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးအနိုင် ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

**ဘရိုက်တန် - ဝက်ဖို့ဒ် ည ၉း၃၀ (၂၃-၁၂-၁၇)**

ရလဒ်တွေဆက်တိုက်ဆိုးနေတာကြောင့် ဝက်ဖို့ဒ်တို့အားစိုက်ကစားလာ မှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းကအနည်းငယ်ကျဆင်းလာ ပါတယ်။ ဘရိုက်တန်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ ရှိနေသလို ဘရိုက်တန်အနေနဲ့ အိမ်ကွင်းပွဲတွေမှာလည်း ကစားပုံပိုမိုကောင်း မွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဝက်ဖို့ဒ်တို့ သရေလောက်ပဲကစား နိုင်ဖို့ရှိနေပါတယ်။

**မန်စီးတီး - ဘုန်းမောက် ည ၉း၃၀ (၂၃-၁၂-၁၇)**

မန်စီးတီးရော ဘုန်းမောက်ပါ လိဂ်ဖလားပွဲတွေ ကစားခဲ့ရမှာဖြစ်ပေမယ့် ကစားသမားအင်အားပိုင်းမှာတော့ မန်စီးတီးက ပိုမိုပြည့်စုံမှုရှိနေပါတယ်။ ဒါကြောင့်လည်း မန်စီးတီးတို့ဒီပွဲမှာ ဘုန်းမောက်ထက် ပိုမိုလန်းဆန်းနိုင်သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိမန်စီးတီးရဲ့ ခြေကလည်း ကောင်းမွန်မှုအပြည့်ရှိနေတာကြောင့် ဒီပွဲမှာတော့ မန်စီးတီးတို့ နှစ်ဂိုးပြတ်နိုင်ဖို့မခက်ပါဘူး။

**ဆောက်သမ်တန် - ဟတ်ဒါဖီးလ် ည ၉း၃၀ (၂၃-၁၂-၁၇)**

ဆောက်သမ်တန်ကအိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက် ကစားလာမှာ သေချာနေပါတယ်။ လက်စတာကိုအိမ်ကွင်းမှာ အရေးနိမ့်ခဲ့ရတာ ကြောင့်လည်း ဆောက်သမ်တန်တို့အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ဟတ်ဒါဖီးလ်က အဝေးကွင်း ပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်တာကြောင့် ဆောက်သမ်တန်တို့ အခွင့်အရေးပိုမိုရရှိနိုင်ပါတယ်။ အိမ်ကွင်းမှာဆောက်သမ်တန်အနိုင်ရမယ်။

**စတုတ် - ဝက်စ်ဘရွန်း ည ၉း၃၀ (၂၃-၁၂-၁၇)**

အိမ်ကွင်းဖြစ်တာကြောင့် စတုတ်တို့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစား လာမှာသေချာနေပေမယ့်လည်း လက်ရှိစတုတ်ရဲ့ခြေစွမ်းပိုင်းကတော့ အား နည်းနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းက အမှတ်လိုအပ်မှုတွေများနေလို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေတာကြောင့် ဒီပွဲစဉ် မှာ စတုတ်တို့ပိုမိုပြီး အခက်တွေ့နိုင်ပါတယ်။ စတုတ်အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ဒီပွဲမှာတော့ သရေလောက်ပဲကစားနိုင်ဖို့ရှိပါတယ်။

**ဆွမ်ဆီး - ပဲလေ့စ် ည ၉း၃၀ (၂၃-၁၂-၁၇)**

ဆွမ်ဆီးတို့အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာ နေပေမယ့် ပဲလေ့စ်ကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ အခု နောက်ပိုင်းမှာလည်း ပဲလေ့စ်ခြေက တိုးတက်မှုတွေရှိလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဆွမ်ဆီးတို့အားစိုက်ကစားမှာ ဖြစ်ပေမယ့် ပဲလေ့စ်ရဲ့ တုံ့ပြန် ကစားအားကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ လက်စတာကိုတောင် ဂိုးပြတ် အနိုင်ယူနိုင်ခဲ့တဲ့ပဲလေ့စ်တို့ သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

**ဝက်စ်ဟမ်း - ကာဆယ် ည ၉း၃၀ (၂၃-၁၂-၁၇)**

ကာဆယ်ကအဝေးကွင်းဖြစ်ပေမယ့် အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းကတော့ အိမ်ကွင်းဖြစ် နေသလို အမှတ်လိုအပ်နေတဲ့အတွက် အားစိုက်ကစားမယ့်အပြင် လက်ရှိ ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် လိဂ်ဖလားပွဲကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝက်စ်ဟမ်းအနေနဲ့ နိုင်ပွဲရ ယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပေမယ့်လည်း သရေလောက်သာ ကစားနိုင်ဖို့ရှိပါတယ်။

**ဘန်လေ - စပါး နံနက် ၀၀း၀၀ (၂၄-၁၂-၁၇)**

ဘန်လေက အိမ်ကွင်းဖြစ်နေတာကြောင့် ခံစစ်အားပြုပြီး အမှတ်ခွဲယူနိုင် ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း စပါးကလည်း အာဆင်နယ်နဲ့ လီဗာပူးဆုံတွေ့နေချိန်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေသလို လက်ရှိခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုရှိနေပါတယ်။ စပါး တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေလို့ စပါးကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

**လက်စတာ - မန်ယူ နံနက် ၂း၁၅ (၂၄-၁၂-၁၇)**

အခုနောက်ပိုင်းမှာ လက်စတာခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အမှတ်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာ နေပါတယ်။ ဒါပေမယ့် လက်စတာက လိဂ်ဖလားပွဲမှာ မန်စီးတီးနဲ့ရင်ဆိုင်ခဲ့ ရတာကြောင့် ပွဲပန်းလာနိုင်ပြီး မန်ယူကတော့ ဘရစ္စတိုးလ်နဲ့သာ ရင်ဆိုင်ခဲ့ရမှာ ဖြစ်တာကြောင့် လက်စတာလောက် ပွဲပန်းမှုမရှိနိုင်ပါဘူး။ မန်ယူအမှတ်လို နေလို့ အားစိုက်လာမှာဖြစ်တာကြောင့် ဒီပွဲမှာ မန်ယူပဲအနိုင်ရမယ်။

## ရှိုင်းမင်းမင်း

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ၊ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း အတွက် သဘောတူညီချက်ကို မပြုလုပ်မီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်-

(၁) အစည်းအဝေးအကြောင်းကြားစာ၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက် စည်းကမ်းချက်များ သတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်း နှင့်

(၃) အစုရှယ်ယာရှင်များထံသို့ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့် အစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) ပါစာရွက်စာတမ်းများကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၂၈ ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကို ဆောင်ရွက်ရန်သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိမှ အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ပေးပို့ဆောင်ရွက်နိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရရှိပါက အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ကို ပြုလုပ်နိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်ချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ပုဒ်မခွဲ (ဃ) အရ တင်ပြသောစာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဆ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) တွင်ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများကို သင့်လျော်သည့် အကြောင်းအရာအဖြစ်တွေ့ရှိရလျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက် ပြုလုပ်ခြင်းနှင့် အစည်းအဝေးအကြောင်းကြားစာကိုကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် ပုဒ်မခွဲ (င)တွင်ပါရှိသည့် အချိန်ကာလအတွင်း ချမှတ်နိုင်သည်။

(ဇ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုချမှတ်ပြီးနောက် ၂၁ ရက်အတွင်း ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင် နိုင်ငံတစ်ဝှမ်းထုတ်ဝေသည့်သတင်းစာတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် အသေးစိတ် ဖော်ပြချက်အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို နိုင်ငံတစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထုတ်ပြန်ပြီးနောက် ၂၈ ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ဈ) ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီက လူမွဲခံယူရခြင်း သို့မဟုတ် နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ် ပေါ်ပေါက်စေကာမူ ကုမ္ပဏီ၊ ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင်အရာရှိတွင် တာဝန်မရှိစေရ။

(ည) ပုဒ်မခွဲ (ဈ) အရ မှတ်ပုံတင်အရာရှိတွင် တာဝန်မရှိသော်လည်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှ ရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်းမရှိစေရ။

**အစုရှယ်ယာများအားပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ**

၁၂၂။(က) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်တစ်ရပ်တွင် ထိုကမ်းလှမ်းချက်အားလက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်နိုင်ရန် ကုမ္ပဏီမှသိရှိထားသည့် အရေးကြီးသောအချက်အလက်အားလုံးကို ဖော်ပြထားသော တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ခ) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန်အတွက် သဘောတူညီချက်တစ်ရပ်ကို ပြုလုပ်ပြီးသည့်အခါတွင် ပြန်လည်ဝယ်ယူမည့် အစုရှယ်ယာများနှင့်အတူ ဆက်စပ်ပါရှိသည့် အခွင့်အရေးများအားလုံးကို ဆိုင်းငံ့ထားရမည်။ အဆိုပါ သဘောတူညီချက်အား ရပ်စဲခဲ့လျှင် ထိုသို့ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ရမည်။

(ဂ) ကုမ္ပဏီသည် ၎င်းမှ ပြန်လည်ဝယ်ယူထားသည့် အစုရှယ်ယာများကို စွန့်လွှတ်ခြင်း မပြုရ။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ပြုလုပ်ထားသည့် သဘောတူညီချက် တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဃ) ကုမ္ပဏီသို့ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို မှတ်ပုံတင်ပြီးနောက် အစုရှယ်ယာများကို ချက်ချင်းပယ်ဖျက်ရမည်။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

၁၂၃။(က) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၀ အရ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို မပြုလုပ်ရ။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

၁၂၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (က) ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၂၅။ ပုဒ်မ ၁၂၄ အပြင် ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်ဝယ်ယူပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို သိလျက်ဖြင့်တမင် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီကပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမှုအတွက် ပေးချေရမည့်တန်ဖိုး ပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည် ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ပြောင်းလဲသတ်မှတ်ခြင်း**

**အစုရှယ်ယာအမျိုးအစားများကို ပိုင်ဆိုင်သူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း**

၁၂၆။(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အစုရှယ်ယာအမျိုးအစားတစ်ရပ်တွင်ပါရှိသော အစုရှယ်ယာများ၏ အခွင့်အရေးများ သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းမပါရှိသော ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူအမျိုးအစားတစ်ရပ်တွင်ပါရှိသော သူများ၏ အခွင့်အရေးကိုပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ဖော်ပြထားပါက အဆိုပါလုပ်ထုံးလုပ်နည်းများနှင့်အညီသာလျှင် ပြောင်းလဲသတ်မှတ်နိုင်မည် သို့မဟုတ် ပယ်ဖျက်နိုင်မည်ဖြစ်သည်။ ထိုလုပ်ထုံးလုပ်နည်းကို ယင်းတွင်ပါရှိသည့် သတ်မှတ်ချက်များနှင့်အညီသာလျှင် ပြောင်းလဲနိုင်သည်။

(ခ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပုဒ်မခွဲ (က) ၌ ဖော်ပြထားသော လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်မပါရှိခဲ့လျှင် အဆိုပါ အလားတူအခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။ ထို့ပြင်

(၁) အောက်ပါဖော်ပြထားသည့် ပါဝင်သူများ၏အစည်းအဝေးမှ ချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်-

(កក) အစုရှယ်ယာ မတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် အဆိုပါအစုရှယ်ယာအမျိုးအစားတွင် အစုရှယ်ယာများ ပိုင်ဆိုင်သည့် သူများ သို့မဟုတ်

(ခခ) အစုရှယ်ယာ မတည်ငွေရင်း မပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် ပြောင်းလဲသတ်မှတ်ထားသော သို့မဟုတ် ပယ်ဖျက်ထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည့် အမျိုးအစားတွင် ပါဝင်သူများ သို့မဟုတ်

(၂) အဆိုပါအမျိုးအစားတွင် အနည်းဆုံး ဆန္ဒမဲ ၇၅ ရာခိုင်နှုန်းရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်လည်း ပြုလုပ်နိုင်သည်။

(ဂ) ကုမ္ပဏီသည် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ပြုလုပ်ပြီးနောက် ခုနစ်ရက်အတွင်း ထိုသို့ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အဆိုပါ အမျိုးအစားများတွင် ပါဝင်သူများထံသို့ စာဖြင့် ရေးသားအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (င)အရ ပြုလုပ်သော လျှောက်ထားမှုကို လိုက်နာလျက် သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပြီးနောက် သို့မဟုတ် သက်ဆိုင်ရာသဘောတူညီချက်များကို လက်ခံရရှိပြီးနောက် ၂၁ ရက်အတွင်း ကုမ္ပဏီသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြုလုပ်သည့် ပြောင်းလဲသတ်မှတ်ခြင်းများနှင့် ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်း ပြောင်းလဲစေမည့် ကိစ္စရပ်များအား မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြောင်းလဲသတ်မှတ်ထားသည့် ထုတ်ဝေပြီးဖြစ်သော အစုရှယ်ယာ အမျိုးအစားတစ်ခု၏ စုစုပေါင်း ၁၀ ရာခိုင်နှုန်းထက်မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့်သူများတွင် ပြောင်းလဲသတ်မှတ်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် သဘောတူညီခြင်းမရှိခဲ့လျှင် သို့မဟုတ် မဲပေးခြင်းမရှိသူက အဆိုပါ ပြောင်းလဲသတ်မှတ်ခြင်းကို ဆက်လက်၍ သဘောတူညီခြင်းမရှိလျှင် ထိုသူသည် အဆိုပါ ပြောင်းလဲသတ်မှတ်ခြင်းကို ပယ်ဖျက်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။ ထိုသို့လျှောက်ထားမှု တစ်စုံတစ်ရာရှိခဲ့ပါက အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို တရားရုံးက အတည်မပြုမီအထိ ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းမှာ အကျိုးသက်ရောက်ခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (င) အရ တင်ပြလျှောက်ထားမှုကို သဘောတူညီချက်ပေးသည့်နေ့ရက် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ၂၁ ရက်အတွင်း ပြုလုပ်ရမည်။ လျှောက်ထားမှုအား ပြုလုပ်ခွင့်ရှိသည့်အစုရှယ်ယာရှင်များကိုယ်စား ၎င်းတို့က ဤကိစ္စအလို့ငှာ စာဖြင့် ရေးသားခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများက ထိုလျှောက်ထားမှုကို ပြုလုပ်နိုင်သည်။

(ဆ) လျှောက်ထားမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် လျှောက်ထားသူ လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ကြားနာပေးရန် တရားရုံးသို့လျှောက်ထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကြားနာစစ်ဆေးပြီးနောက် အဆိုပါ ပြောင်းလဲသတ်မှတ်ခြင်းသည် လျှောက်ထားသူမှ ကိုယ်စားပြုသောအမျိုးအစားတွင် ပါဝင်သူများကို မတရားထိခိုက်နစ်နာစေကြောင်း အမှုတွင်ပေါ်ပေါက်ခဲ့လျှင် ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းအား ခွင့်မပြုကြောင်း ဆုံးဖြတ်နိုင်သည်။ အမှုတွင် ထိုသို့မပေါ်ပေါက်ပါက ပြောင်းလဲသတ်မှတ်ခြင်းအား အတည်ပြုပေးရမည်။

(ဇ) အဆိုပါ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ တရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) ကုမ္ပဏီသည် လျှောက်ထားမှုအပေါ် ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ၂၁ ရက်အတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံပေးပို့ရမည်။

(ည) ကုမ္ပဏီအရာရှိအားလုံး၏တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကိုလည်းကောင်း ပြုလုပ်ရန်ဖြစ်သည်။

(ဋ) ဤပုဒ်မတွင်ဖော်ပြပါရှိသည့် “ပြောင်းလဲသတ်မှတ်ခြင်း” နှင့် “ပြောင်းလဲသတ်မှတ်သော” ဆိုသည်တွင် “ပယ်ဖျက်ခြင်း” နှင့် “ပယ်ဖျက်သော” ဟု အဓိပ္ပာယ်လည်း ပါဝင်စေရမည်။

၁၂၇။ပုဒ်မ ၁၂၆၊ ပုဒ်မခွဲ (ည) တွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင်ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်။

**ငွေကြေးအထောက်အပံ့**

**ကုမ္ပဏီမှ ယင်း၏ထုတ်ဝေသည့်အစုရှယ်ယာများကိုဝယ်ယူခြင်းအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

၁၂၈။(က) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃၀ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှ တစ်ပါး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုလက်အောက်ခံ ကုမ္ပဏီမဟုတ်သော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီများအပြင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီက ထုတ်ဝေထားသည့် အစုရှယ်ယာတစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် ငွေကြေးအထောက်အပံ့ တစ်စုံတစ်ရာကို ပေးအပ်ခြင်းမပြုရ။

သို့ရာတွင် ငွေထုတ်ချေးခြင်းမှာ ကုမ္ပဏီ၏ သာမန်စီးပွားရေးလုပ်ငန်း တစ်စိတ်တစ်ဒေသဖြစ်လျှင် ကုမ္ပဏီ၏ သာမန်စီးပွားရေးလုပ်ငန်းအဖြစ် ငွေထုတ်ချေးခြင်းအား ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခုက အစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်း၊ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း သို့မဟုတ် အခန်း (၁၅) တွင်ပါရှိသော ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့်ဆောင်ရွက်မှု သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြုလုပ်ခြင်း တို့နှင့်စပ်လျဉ်းသော အခွင့်အရေးကို ထိခိုက်စေခြင်းမရှိစေရ။

၁၂၉။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၈ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြုလုပ်ဆောင်ရွက်ခဲ့လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင် ပါဝင်သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ခရီးသွားရုပ်ရှင်ပွဲတော် မိတ္ထီလာနည်းပညာတက္ကသိုလ်၌ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် လူ့ဂုဏ်သိက္ခာ ရုပ်ရှင်သိပ္ပံကျောင်း (ရန်ကုန်)မှ ပြုလုပ်သောလူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ခရီးသွားရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပကြောင်း သိရသည်။



"မှတ်တမ်းရုပ်ရှင် ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပေါ်ထွက်လာဖို့နဲ့ လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ ဆိုတာဘာလဲဆိုတာကို လူတိုင်းသိရှိနားလည်စေဖို့ ရည်ရွယ်ပြီး လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ခရီးသွား ရုပ်ရှင်ပွဲတော်ကို နိုင်ငံတစ်ဝန်းမှာ ကျင်းပတာဖြစ်ပါတယ်၊ မိတ္ထီလာမှာက မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်မှာ မနေ့က ပြသခဲ့ပြီး ဒီနေ့ နည်းပညာတက္ကသိုလ်မှာ ပြသတာဖြစ်ပါတယ်၊ ဆက်လက်ပြီး ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)နဲ့ စီးပွားရေးတက္ကသိုလ်(မိတ္ထီလာ)တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်၊ ဒီနေ့ ပြသမှာက မှတ်တမ်းရုပ်ရှင်ကား Deep Inside her (မြင်အောင်ကြည့်ပါ)၊ Bog Boy (ဂတုံး)၊ A girl in 10 (ပန်းငုဝါ)၊ Vein (မှော်) ဇာတ်ကားလေးကား ပြသမှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ ပြသတုန်းက ကျောင်းက တောင်းဆိုတာမို့ ကျွန်တော်ရိုက်ကူးပြီး ဆုရထားတဲ့ Non Fossils (အသွေးအသားဖြင့်တည်ဆောက်သည်) ဇာတ်ကားရယ်၊ နောက်တစ်ကားက It Happened One Night in Chinatown ဇာတ်ကားနှစ်ကားပါ ထည့်သွင်းပြသခဲ့ပါတယ်" ဟု လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ ခရီးသွားရုပ်ရှင်ပွဲတော် တာဝန်ခံ ကိုမိုးသစ်ဆက်ထွန်းက ပြောသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို လာရောက်ပြသရန် ဖိတ်ခေါ်သည့် တက္ကသိုလ်များ၊ လူမှုအဖွဲ့အစည်းများ၊ ယာယီဒုက္ခသည်စောင့်ရှောက်ရေးစခန်းများစသည့် နေရာများတွင် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ခရီးသွားရုပ်ရှင်ပွဲတော်အား ဒါရိုက်တာမင်းထင်ကိုကိုကြီး ဦးဆောင်တည်ထောင်သည့် လူ့ဂုဏ်သိက္ခာရုပ်ရှင်သိပ္ပံကျောင်းမှ သွားရောက်ပြသကျင်းပပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ခရီးသွားရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက အမှာစကားပြောကြားပြီး ရုပ်ရှင်ပွဲတော် ကျင်းပရခြင်းအကြောင်းကို လူ့ဂုဏ်သိက္ခာ ရုပ်ရှင်သိပ္ပံကျောင်းမှ မရွှန်းလဲ့သာက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ မှတ်တမ်း ရုပ်ရှင်ဇာတ်ကားလေးကားကို ပြသပြီးနောက် ကြည့်ရှုအားပေးကြသည့် ကျောင်းသူ ကျောင်းသားများက မှတ်တမ်းရုပ်ရှင်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြသသည့် ဒါရိုက်တာများနှင့် တာဝန်ရှိသူများ ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ရေး ကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်

**အင်ဂျန်းယန် ဒီဇင်ဘာ ၂၀**

အင်ဂျန်းယန်ကျေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့် မြို့ပြတစ်သားတည်းဖြစ်တည်ကာ ဖွံ့ဖြိုးတိုးတက်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းနေပြည်သူများ၏ ဒေသထွက်ကုန်များအား လျင်မြန်စွာ ဈေးကွက်အတွင်းရောက်ရှိစေရေး၊ ကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

"ဒေသခံပြည်သူတွေရဲ့လိုအပ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ၊ ဒီဒေသမှာက လယ်ယာလုပ်ငန်းအပြင် လိမ္မော်၊ရှောက်ပန်းသီးစတဲ့စီးပွားဖြစ်စိုက်ပျိုးထားတဲ့ ခြံကြီးတွေလည်းရှိတယ်လေ၊ သီးနှံပေါ်ချိန်မှာ ဈေးကွက်အတွင်း သီးနှံတွေကို အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ဖို့က အရေးကြီးတော့ အမှန်တကယ်လိုအပ်တဲ့ ကုန်ထုတ်လမ်းတွေကို ဖောက်လုပ်ပေးသွားဖို့ ကွင်းဆင်းတိုင်းတာသွားမှာပါ၊ ကုန်ထုတ်လမ်းဖောက်လုပ်ရေးတိုင်းတာမှုကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ဒေသခံပြည်သူတွေ ပါဝင်ပါတယ်" ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တဦးစီးမှူး ဦးသိုက်ထွန်းက ရှင်းလင်းပြောကြားသည်။

အင်ဂျန်းယန်မြို့နယ်အတွင်း ကုန်ထုတ်လမ်းဖောက်လုပ်ရေးတိုင်းတာရာတွင် ဇွတ်မိုင်ယန်ကျေးရွာ၌ အရှည်ပေ ၇၆၀၀၊ အင်လောက်ယန်ကျေးရွာ၌ အရှည်ပေ ၆၃၀၀ နှင့် အင်ဝိုင်းကောင်ကျေးရွာ၌ အရှည်ပေ ၉၀၀ရှိ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး တိုင်းတာနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကျယ် ၁၈ ပေလမ်းများအဖြစ် ခင်းကျင်းဖောက်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

## လူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးဆွေးနွေး

**ဗန်းမောက် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မူးယစ်ဆေးစွဲ ရောဂါသုတေသနအသင်းမှ ကြီးမှူးကျင်းပသော လူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးစီမံချက်လုပ်ငန်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုက အမှာစကားပြောကြားပြီး Technical Director (SARA-yangon) စိတ်ရောဂါအထူးကုဆရာဝန်ကြီး Substance Research Association (SARA) မူးယစ်ဆေးစွဲ ရောဂါသုတေသနအသင်း ဒေါက်တာကျော်ထက်ဒိုးက လူငယ်ထု အတွင်း မူးယစ်ဆေးစွဲမှု ကာကွယ်ရေးစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများက လူငယ်ထုအတွင်း မူးယစ်ဆေးစွဲမှု ကာကွယ်ရေးစီမံချက်ထဲမှ သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းမှ ဒေါက်တာ ကျော်ထက်ဒိုးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

လူငယ်ထု အတွင်း မူးယစ်ဆေးစွဲမှု ကာကွယ်ရေးစီမံချက်ဆွေးနွေးပွဲသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေး၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး အဖွဲ့ဝင်များနှင့် ကျောင်းဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ပြင်ဦးလွင်အနီး ဗုက်ကား သုံးဆင့်ရေတံခွန် သဘာဝအပန်းဖြေဆင်စခန်း ဖွင့်လှစ်နိုင်ရန် စီစဉ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ချော-ရဲရွာကားလမ်းမှ ကိုးမိုင်ကျော်အကွာရှိ သုံးဆင့်ရေတံခွန်အနီးတွင် ဗုက်ကား-ဒီးဒုတ် အဆိုပြုကြိုးဝိုင်းအတွင်း ဆင်ခြောက်ကောင်ဖြင့် ဗုက်ကားသုံးဆင့်ရေတံခွန်သဘာဝအပန်းဖြေဆင်စခန်းကို ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး) မှ သိရသည်။

"စဥ့်ကူးမြို့နယ် မာလဲဆင်စခန်းကနေ ဆင်တွေရောက်နေပါပြီ၊ နေရာကျယ်မှ ဆင်တွေနေထိုင်ရတာကောင်းမယ်၊ နေရာအတွက် ၇၄ ဧက တောင်းထားတယ်၊ ဒီလ ၂၃ ရက်မှာ အစမ်းဖွင့်ပွဲ လုပ်ပြီး ဇန်နဝါရီ ၁ ရက်နေ့မှာဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်၊ ဧည့်သည်တွေ ဆင်စီးရင် လုံခြုံစိတ်ချဖို့နဲ့ ထိခိုက်မှုမရှိအောင် ဝန်ဆောင်မှုပေးမှာပါ" ဟု ယင်းဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်မြင့်ဌေးက ပြောသည်။

ဆင်စခန်းရှိ ဆင်ခြောက်ကောင်တွင် အသက် ၅၅ နှစ်ကျော်တစ်ကောင်၊ ၁၀ နှစ်မှ ၁၇ နှစ်အတွင်း ငါးကောင်တို့ဖြစ်၍ စနစ်တကျ လေ့ကျင့်ထားကာအယဉ်ပါးဆုံး ဆင်များဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပြည်တွင်းဧည့်သည်များအတွက် ဆင်စီးခ ကျပ် ၅၀၀၀ နှင့် ဝင်ကြေး ကျပ် ၁၀၀၀၊ ပြည်ပဧည့်သည်များအတွက် ဆင်စီးခ ကျပ် ၂၀၀၀၀ နှင့် ဝင်ကြေး ကျပ် ၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

"ရေတံခွန်တွေနားထိ ဝန်ဆောင်မှုပေးပါမယ်၊ ညအိပ်အစီအစဉ်လက်မခံဘူး၊ နိုင်ငံခြားခရီးသွားတွေလာရင်လည်း နေ့ချင်းပြန်ပဲ၊ ညအိပ်ဖို့လည်း နေရာကအဆင်မပြေပါဘူး၊ လာတဲ့သူတွေက ဆင်တွေကို ကြံကျွေးနိုင်အောင် စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ ဆင်စခန်းများ တည်ထောင်ခြင်းနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ယူရိုငွေ ၁ ဒသမ ၈ သန်း အသုံးပြုဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို မြန်မာ့သစ်လုပ်ငန်းနှင့် FOUR PAWS International (FPI) တို့က စက်တင်ဘာ ၁၉ ရက်က ရေးထိုးခဲ့ကြောင်းနှင့် ပြည်တွင်း၌ တည်ထောင်ပြီးသည့် ဆင်စခန်းများ ၁၀ ခုခန့်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ၁၃၇၉ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန် နိုင်ငံခြားခရီးသွားမြှင့်တင်ရေး ဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၂၀**

၁၃၇၉ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန် နိုင်ငံခြားခရီးသွား မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ ကျင်းပသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက ၁၃၇၉ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်ရေးနှင့်နိုင်ငံခြား ခရီးသွားမြှင့်တင်ရေးအတွက်တက်ရောက်လာသူများက အကြံပြုဆွေးနွေးပေးကြရန် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Myanmar Market Association မှ ဦးမြင့်ဇော်နှင့် တက်ရောက်လာသူများက မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် နိုင်ငံခြားခရီးသွားလုပ်ငန်း မြှင့်တင်ရေး ကြိုတင်ပြင်ဆင်သင့်သည်များကို ဆွေးနွေးအကြံပြုသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) နှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(မန္တလေး)တို့မှ တာဝန်ရှိသူများ တက်ရောက်သည်။

၁၃၇၉ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့၏ သရုပ်သကန်ပါဝင်စေရန်၊ ပျော်ရွှင်မှုရစေရန်၊ ချစ်စရာရိုးရာဓလေ့များကို ဖော်ဆောင်ရန်ရည်ရွယ်ကာ ယမန်နှစ်အတိုင်း လမ်းလျှောက်သင်္ကြန်ပွဲနှင့် စတုဒိသာ ကျွေးမွေးမည့်အစီအစဉ်များ၊ အညာဒေသထွက် အစားအစာများ ရောင်းချနိုင်ရေး ဈေးတန်းတစ်ခုပါ ထည့်သွင်းနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## လူထုဗဟိုပြုစီမံကိန်းမှ စည်းရုံးရေးမှူးများ မွမ်းမံသင်တန်းဖွင့်

**တပ်ကုန်း ဒီဇင်ဘာ ၂၀**

တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်း စတုတ္ထနှစ်ဝက်အတွင်း လူထုစည်းရုံးရေးမှူး (CF)နှင့် လက်ထောက်နည်းပညာမှူး (TF) များအား သတင်းပြန်ကြားဆက်သွယ်ရေး (Communication)၊ လူမှုရေးတာဝန်ခံယူမှု (Social Accountability) နှင့် ကျား၊ မ ( Gender) ရေးရာမွမ်းမံသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်က တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည်။

ယင်းသင်တန်းတွင် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူး စုစုပေါင်း ၅၂ ဦး တက်ရောက်သင်ကြားခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြတ်သူရိန်**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များဆင့်ပွားသင်တန်းဖွင့်



**ပဲခူး ဒီဇင်ဘာ ၂၀**

သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများထဲတွင် ဘေးဖြစ်ပွားမှုများသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို မတားဆီးနိုင်သော်လည်း ဖြစ်လာရင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းအောင် ဆောင်ရွက်သည့်တစ်ခုတည်းသော နည်းလမ်းသည် ကြိုတင်ပြင်ဆင်မှုပင်ဖြစ်ကြောင်း၊ ယခုသဘာဝဘေးအန္တရာယ်လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်း ဖွင့်လှစ်ခြင်းသည် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချလိုက်သည့် အတွေ့အကြုံများကို မိမိရပ်ရွာဒေသသို့ ပြန်ရောက်သည့်အခါ ဒေသမှာဖြစ်နိုင်သည့်ဘေး၊ ရှောင်ရှားနိုင်သည့်နေရာ လျော့ပါးအောင်ဆောင်ရွက်ရမည့် အခြေအနေများကို လေ့လာပြီး မိမိရပ်ကွက်ကျေးရွာများရှိ ပြည်သူများအား ဆင့်ပွားပေးခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့ရသည့် ရပ်ရွာလူထုကို ကာကွယ်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းငွေအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးမြို့နယ်အတွင်း ဘေးဖြစ်ပွားမှုများပြားသည့် ရပ်ကွက်/ကျေးရွာများရှိ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများ၊ အများအကျိုး ဆောင်ရွက်လိုစိတ်ရှိသူများ၊ မိမိရပ်ရွာကို ကာကွယ်လိုစိတ်ရှိသူများ၊ လူမှုရေးလုပ်ငန်းများအား စိတ်ပါဝင်စားစွာ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်း ၃၀ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိပြည်သူများသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်သဘာဝဘေးအသိပေးလုပ်ငန်းများကိုပိုမိုကျယ်ပြန့်ထိရောက်စွာသိရှိစေပြီးလိုက်နာဆောင်ရွက်စေနိုင်ရန်အတွက် ဆင့်ပွားသင်တန်းများကို ယခင်နှစ်ကတောင်ငူ၊ ပြည်၊ အုတ်တွင်း၊ နတ်တလင်း၊ ပဲခူးမြို့နယ်များတွင် ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ပြီး ယခုလတွင် ဒုတိယအကြိမ်အဖြစ် ပဲခူးနှင့် ပြည်မြို့နယ်တို့တွင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မိုးညိုမြို့နယ်၊ မတ်လတွင် ရေတာရှည်မြို့နယ်တို့၌ ဖွင့်လှစ်ရန်စီမံထားရှိပြီးသဘာဝဘေးအသိပညာပေးဟောပြောပွဲများကိုလည်း ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍ တစ်လလျှင်(၄) ကြိမ်ဆောင်ရွက်သွားမည်ဖြစ်သည့် အပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင် ပြည်သူများယာယီခိုလှုံနိုင်ရန်အတွက် (Community Shelter)များကိုသဘာဝဘေးဖြစ်ပွားမှုများသောညောင်လေးပင်၊ မိုးညို၊ ပန်းတောင်း၊ ရွှေတောင်၊ သနပ်ပင်မြို့နယ်များတွင် တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးသိန်းငွေအောင်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဧပြီလမှ ဒီဇင်ဘာလအထိ ဘေးဖြစ်ပွားမှု ၂၇၃ ကြိမ်တွင် ဘေးသင့်အိမ်ထောင်စု ၁၂၅၂၃ စု၊ ဘေးသင့်လူဦးရေ ၅၂၉၃၁ ဦး၊ မိုးကြိုးဘေးကြောင့်သေဆုံးသူ ၁၆ ဦး၊ လေဘေးကြောင့် သစ်ပင်ပိပြီးသေဆုံးသူ နှစ်ဦး၊ မီးဘေးကြောင့်သေဆုံးသူ နှစ်ဦး၊စက်လှေမှောက်၍ သေဆုံးသူ နှစ်ဦးရှိခဲ့ပြီး ဘေးသင့်ပြည်သူများအတွက် ကျပ် ၃၉၅ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကရင်စာပေ တည်တံ့ပြန့်ပွားရေး အဘိဓာန် စာအုပ်ထုတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကရင်စာပေတည်တံ့ပြန့်ပွားရေးအတွက် အင်္ဂလိပ်-မြန်မာ-အရှေ့ပိုး- အနောက်ပိုး၊ စကော ကရင်အဘိဓာန် (Dictionary) စာအုပ်ကို ထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင် တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဥ္စာမျိုးက ပြောသည်။

ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ပြုလုပ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"လက်ရှိအခြေအနေမှာ စကောကရင်က ၉၀ ရာခိုင်နှုန်း၊ အရှေ့ပိုးကို ဘာသာပြန်နေတာဆိုရင်တော့ ၆၀ ရာခိုင်နှုန်း လောက်ပြီးနေပြီဖြစ်ပါတယ်၊ ဒါဟာကရင်စာပေ တည်တံ့ခိုင်မြဲရေး အတွက် Dictionary တစ်အုပ်ဖြစ်ပေါ်လာဖို့ အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်၊ ဒီ Dictionary ဖြစ်မြောက်သွားပြီဆိုရင်တော့ ကျွန်မတို့ ဝေါဟာရတွေ ကွဲပြားနေတာတွေ တော်တော်လေးကိုထိန်းထိန်းသိမ်းသိမ်းဖြစ်သွားပြီးတော့ ကရင်စာပေ ရေရှည်တည်တံ့ဖို့အတွက် ဖြစ်သွားမှာဖြစ်ပါတယ်" ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ပြောသည်။

အဆိုပါ Dictionary ဖြစ်မြောက်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနက ဦးဆောင်ကာ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးများက နာယကများအဖြစ်ပါဝင်၍ ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင်များက အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# ပညာတန်ဆောင်ဆုနှင်းသဘင်နှင့် ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပမည်

**စမ်းချောင်း ဒီဇင်ဘာ ၂၀**

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စာပေပြိုင်ပွဲဆုနှင်းသဘင်နှင့် ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနား အကြို သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက စမ်းချောင်းမြို့နယ် ရန်အောင်လမ်းရှိ ပညာတန်ဆောင် စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

ပညာတန်ဆောင်သည် ဆရာ၊ ဆရာမများအတွက်၊ ပညာရေးအတတ်ပညာ၊ ဆရာအတတ်ပညာ၊ ခေတ်မီ သင်ကြားနည်းနှင့် နည်းပညာရပ်များကို ဖြန့်ဝေပေးသည်သာမက ဆရာ၊ ဆရာမများ၏ စီကုံးနှုန်းဖွဲ့မှု၊ တီထွင်ဖန်တီးမှု၊ ထိုးထွင်းဉာဏ်ရှိမှုစသော အရေးအသား၊ ကလောင်စွမ်းအားများကို ပိုမိုရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ စာပေပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲက စာပေနဲ့ပတ်သက်တဲ့ ဂုဏ်ပြုပွဲ၊ စာပေပြိုင်ပွဲမှာ ဆုရတဲ့သူတွေကို ဂုဏ်ပြုတယ်၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုရတဲ့ ပညာတန်ဆောင် ကလောင်ရှင်တွေကိုလည်း ထပ်ဆင့်ဂုဏ်ပြုတယ်၊ ကမ္ဘာ့ဆရာများနေ့မှာ နိုင်ငံတော်က ဂုဏ်ပြုတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဂုဏ်ပြုတယ်၊ နောက်ပြီးတော့ အသက်စွန့်ကြိုးပမ်း ထမ်းရွက်သွားကြတဲ့ ဆရာ၊ ဆရာမများကိုလည်း ဂုဏ်ပြုတယ်၊ ဂုဏ်ပြုသင့်တဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ပြုတယ်ဆိုတာ နောင်မျိုးဆက်တွေအနေနဲ့ ရင်ထဲမှာ အားကျမခံဘဲ သူတို့လည်း ဂုဏ်ပြုထိုက်တဲ့သူတွေ ဖြစ်လာအောင်၊ အာဇာနည်ပုဂ္ဂိုလ်တွေ ဖြစ်လာအောင် သူတို့စိတ်ထဲမှာ နှလုံးသားထဲမှာ ဒီထက်မြင့်မားတဲ့ ဆရာစိတ်ဓာတ်၊ နိုင်ငံအကျိုးပြုစိတ်ဓာတ်တွေကို ပွားများလာအောင်၊ ကိန်းအောင်းလာအောင်၊ ဒါတွေကို ဖော်ထုတ်ပေးခြင်း ဖြစ်ပါတယ်"ဒေါက်တာသန်းဦး (ဥက္ကဋ္ဌ၊ ပညာတန်ဆောင် မဂ္ဂဇင်း)က ပြောသည်။

အဆိုပါဆုပေးပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကင်းပညာရေးကောလိပ်မြတ်ပညာခန်းမ၌ ကျင်းပသွားမည်ဟု သိရသည်။ ဆုပေးပွဲတွင် ဘာသာပြန်ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဝတ္ထုလတ်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည် ပြိုင်ပွဲ၊ တစ်မျက်နှာ ဝတ္ထုပြိုင်ပွဲ၊ မူလတန်းဆင့် ဘာသာရပ်ဆိုင်ရာ သင်ထောက်ကူကားချပ်ပြိုင်ပွဲ၊ ရုပ်ပြစာစီစာကုံးပြိုင်ပွဲများအပြင် ပညာတန်ဆောင်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ပြုခံရသော ဂုဏ်ထူးဆောင် ဆရာကြီးများ၊ ကမ္ဘာ့ဆရာများနေ့ထူးချွန်ဆရာများ၊ တပည့်ကို အသက်စွန့် ကယ်တင်သွားသည့် ဆရာမအား မှတ်တမ်းတင်ဂုဏ်ပြုခြင်း၊ ထပ်ဆင့်ဂုဏ်ပြုသည့် နိုင်ငံတော်အဆင့် စာပေဆုရ ပညာတန်ဆောင် ကလောင်ရှင်များ၊ စာပေဗိမာန်စာမူဆုရသူများ စသည်ဖြင့် ဆုများ အသီးသီးချီးမြှင့်ပေးသွားမည်ဟု သိရသည်။

၁၉၅၂ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေဖြန့်ချိခဲ့သည့် ပညာတန်ဆောင် မဂ္ဂဇင်းသည် ယခုနှစ်တွင် ၆၅နှစ် ပြည့်မြောက်ပြီးဖြစ်ပြီး ၁၉၅၄ ခုနှစ်မှစ၍ စာပေပြိုင်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်သည်။

**ခင်ဇာလီ**

# မြဝတီမြို့ရှိ စက်သုံးဆီဆိုင်ဝန်ထမ်းများအား အခြေခံမီးသတ်သင်တန်းဖွင့်လှစ်

**မြဝတီ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းများအားလုံး မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးပညာရပ်များကို စနစ်တကျနားလည်သဘောပေါက်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စက်သုံးဆီအသင်းတို့ ပူးပေါင်းကျင်းပသည့် အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီက မြဝတီမြို့ အာရှလမ်းမကြီးရှိ ICE PUU စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မိမိတို့မြို့သည် နယ်စပ်ဒေသမြို့ဖြစ်တာနှင့်အညီ စက်သုံးဆီဆိုင် လုပ်ငန်းများလည်း တစ်နေ့တခြား တိုးပွားလာပါကြောင်း၊ စက်သုံးဆီဆိုင်များအနေဖြင့်လည်း မီးဘေးလုံခြုံရေးအတွက် အထူးဂရုစိုက်ရမှာဖြစ်ပါကြောင်း၊ ဆီဆိုင်ဝန်ထမ်းများ အနေဖြင့် မီးငြိမ်းသတ်နည်းများကို ကျွမ်းကျင်တတ်မြောက်ထားဖို့ လိုအပ်ပါကြောင်းနှင့် စိတ်ဝင်စားစွာ ဂရုစိုက်သင်ကြားကြဖို့ တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပြီး မြဝတီမြို့နယ်စက်သုံးဆီအသင်းဥက္ကဋ္ဌ ဦးဖေသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မြဝတီမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များမှ ဝန်ထမ်း ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၄) ရပ်ကွက်အတွင်းရှိ ပြည်သူများအား သက်ငယ် မုဒိမ်းမှုမဖြစ်ပွားရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၉ ရက် ညပိုင်းက ကျင်းပရာ ဗိုလ်တထောင်မြို့နယ် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုကို အသိပညာပေး ဟောပြောစဉ်။ **ကြေးမုံ**

# မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**တောင်ဥက္ကလာပ ဒီဇင်ဘာ ၂၀**



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက် ဗဟိုလမ်း အထက (၄) ကျောင်းရှေ့တွင် ဒီဇင် ဘာ ၁၉ ရက်နံနက် ၁၀ နာရီ က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်း အသိပညာပေး ပြခန်းယာဉ်ဖြင့် တောင်ဥက္ကလာပမြို့ ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး (၆) ရန်ကုန်မှ ဒုရဲအုပ်ကျော်လင်းထိုက်၊ အမှတ်(၂၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ်ကေခိုင်ညွန့်ဝင်း၊ မူးယစ်တပ်ဖွဲ့စု (၄၂) မှ ဒုတပ်ကြပ်မျိုးဇော်ထူးတို့က မှုခင်းကျဆင်းရေးဟောပြောခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ ခန့် လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## မတူညီကြသူများနှင့် အတူတူနေထိုင်ခြင်း




မောင်တင်စိုး (လူရည်ချွန်-ရန်ကုန်) ရေးသားပြုစုသည့် "မတူညီကြသူများနှင့် အတူတူနေထိုင်ခြင်း" အတွေးအမြင်ဗဟုသုတစာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် လူရည်ချွန်စီမံကိန်းမှ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးလိုက်သော တပ်မတော်အရာရှိကြီးများ၊ နိုင်ငံ့ကိုယ်စားပြုစစ်သံမှူးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအကြီးအကဲ၊ စီးပွားရေးလုပ်ငန်းရှင်အဖြစ် ဖြတ်သန်းခဲ့ရသော လူရည်ချွန်တစ်ဦး၏ လူမှုဆက်ဆံရေးအမြင်၊ ဘဝအတွေ့အကြုံအမြင်၊ အကြံပြုချက်များကို ဤစာအုပ်တွင် ဖတ်ရှုရမည်ဖြစ်သည်။ နိုင်ငံတကာနှင့် ဆက်ဆံမှုများပြားလာသော ယခုကာလတွင် နိုင်ငံတကာအလေ့အကျင့်စံနှုန်းတို့အရ ညှိနှိုင်းပွဲများ၊ ညစာစားပွဲများတွင် ပြောဆိုပြုမူ နေထိုင်မှုတို့ကိုလည်း နိုင်ငံတကာအတွေ့အကြုံများဖြင့် အကြံပြုရေးသားထားသည်။

လူရည်ချွန်တစ်ဦး၏ အတွေ့အကြုံများကို ဗဟုသုတဖြစ်ဖွယ် မျှဝေပေးထားသည်။

**စာအုပ်ကို တူဒေးစာအုပ်တိုက်၊ အမှတ် - H၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၀၇၃၈၅က တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။**

## ဘဝချင်းမတူသည့် ရခိုင်ပြည်




လူတိုင်းဟာ လူမှုရေးလွတ်လပ်ခွင့်၊ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်နှင့် တရားဥပဒေရဲ့ အကာအကွယ်ရှိခွင့်တို့အတွက် သဘာဝအတိုင်း ညီမျှသည့် အခွင့်အရေးများရှိကြောင်း မင်းချစ်ဦးရေးသားစီစဉ်သော ဘဝချင်းမတူသည့်ရခိုင်ပြည် စာအုပ်ထွက်ပေါ်လာသည်။

အဆိုပါစာအုပ်တွင်ရခိုင်ပြည်ကို ချစ်မြတ်နိုးတာ၊ရခိုင်အမျိုးသားအဖြစ်ဂုဏ်ယူတာ၊ ရခိုင်အမျိုးသားတွေရဲ့ ကံကြမ္မာကို ရခိုင်တိုင်းရင်းသားတို့ ကိုယ်တိုင် ဆုံးဖြတ်တာ၊ ရခိုင်အမျိုးသားတို့၏ယဉ်ကျေးမှုကို ဖော်ထုတ်ဖန်တီးပြီးတိုးတင်ကောင်းမွန်အောင် ဆောင်ရွက်သင့်ရေးတို့ပင်ဖြစ်သည်။ မြန်မာဝန်ထောက်ကျော်ခိုင်နှင့် ရှမ်းပြည်စား ငပေါ်လုံးတို့ပြောဆိုသောစကား၊ အင်္ဂလိပ်တို့သိမ်းပိုက် အုပ်ချုပ်ခဲ့သောအကြောင်း၊ အင်္ဂလိပ်လက်အောက်ရောက် ရခိုင်ပြည်၊ သူရဲကောင်းသုံးယောက်နှင့် ရခိုင်ပြည်၊ ဦးဥတ္တမနှင့် နယ်ချဲ့ဆန့်ကျင်ရေးဘဝ၊ ဆရာတော်တိုက်ပွဲစခဲ့ပြီ စသည်တို့ကိုရေးသားထားသည်။

**စာအုပ်ကို ဖော်မင်းဦးစာပေ၊ အမှတ် - ၃၃၊ ၉၆ - လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၃၁၈၀၉၈၁နှင့် ၀၉ ၅၀၄၅၀၅၆တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာ့ ဇာတိမာန် အဘိဓာန်



မြန်မာစာပေသည် တစ်မျိုးသားလုံး၏မိခင်ဘာသာစာပေဖြစ်သကဲ့သို့ တစ်မျိုးသားလုံး၏ဆက်သွယ်ရေးမဏ္ဍိုင်ဖြစ်ကြောင်း စာရေးဆရာ တက္ကသိုလ်တင်ခ စီစဉ်ရေးသားသော မြန်မာ့ဇာတိမာန် အဘိဓာန် စာအုပ်ထွက်ရှိလာသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ၁၉၁၉ခုနှစ်တွင် မြန်မာဗျည်းအက္ခရာ ၃၃ လုံးရှိ သည့်အနက် အသံတူအက္ခရာ ခြောက်လုံးကို နုတ်ပယ်ပစ်ရန်ကြိုးပမ်းခဲ့ကြသော်လည်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဂျူဗလီဟောခန်းမ၌ကျင်းပသော အမျိုးသားကျောင်းဆရာများအစည်းအဝေတွင် ဝိုင်းဝန်းပယ်ဖျက်ခဲ့ကြသည်။ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဖြစ်သဖြင့် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုကို မြန်မာလူမျိုးတိုင်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်းအုံ့မခန်းသခင်နိုင်ငံမှ ကျွန်နိုင်ငံဘဝရောက်ခဲ့ရပုံ၊ လွတ်လပ်ရေးကြိုးပမ်းခဲ့ရပုံများကို ရေးထားသည်။

**စာအုပ်ကိုဂုဏ်ထူးစာပေ၊ အမှတ် - ၁၉၂၊ ၃၃ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၆၅၉၀နှင့် ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။**

## အမျိုးသမီးများအခွင့်အရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ သိမှတ်ဖွယ်ရာများ




စာရေးဆရာ ဦးသိန်းကိုကို စီစဉ်ရေးသားသော အမျိုးသမီးများအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ သိမှတ်ဖွယ်ရာများစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင်သော်လည်းကောင်း၊ ရာဇသတ်ကြီးဥပဒေတွင်သော်လည်းကောင်း အမျိုးသမီးများ၏ အခွင့်ရေးများကို ကာကွယ်စောင့်ရှောက်ထားသည့် ဥပဒေများရှိသည်။ သို့သော်နိုင်ငံအများစုသည် ဒီလိုဥပဒေဗဟုသုတနှင့်ပတ်သက်လျှင် အားနည်းကြသည်။ထိုသို့အားနည်းမှုကြောင့် အမျိုးသမီးများကို အနိုင်ကျင့်ခံရခြင်း၊ ဥပဒေ၏အကာအကွယ်ကို မရရှိခြင်းများဖြစ်နေကြရသည်။ ထို့ကြောင့် အဆိုပါစာအုပ်တွင် အရွယ်မရောက်သေးသော မိန်းကလေးဆိုသည့် အဓိပ္ပာယ်သတ်မှတ်ချက်၊ ကာယိန္ဒြေပျက်စီးစေမှု၊ လူခိုးမှုမြောက် မမြောက်ဆုံးဖြတ်သောအချက်များ၊ မယားစရိတ် လျှောက်ထားမှု၊ မယားခိုးမှုမြောက်သော အင်္ဂါရပ်များ၊ လင်ခန်းမယားခန်း တရားဝင်ပြတ်စဲကြောင်း အဆုံးအဖြတ်ပေးနိုင်သောအချက်များစသည်တို့ကိုရေးသားထားသည်။

**စာအုပ်ကို မနောဖြူစာပေ၊ အမှတ် - ၂၃၅၊ ၃၇ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ - ၇၃၂၄၆၉၈၀မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## လက်တွေ့ လုပ်ငန်းခွင်သုံး Business, Interview English




အစိုးရ၊ ကုမ္ပဏီလုပ်ငန်းများသို့ဝင်ရောက်လိုသူများအတွက် စာရေးသူဦးဖြိုးကြွယ်မြင့် ရေးသားစီစဉ်သော လက်တွေ့လုပ်ငန်းခွင်သုံး Business, Interview English စာအုပ် ထွက်ရှိလာသည်။

လုပ်ငန်းခွင်သို့ဝင်ရောက်လိုသူများအတွက် လုပ်ငန်းခွင်ဝင်စာမေးပွဲများကို လွယ်ကူစွာ ဝင်ရောက်ဖြေဆိုနိုင်စေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ ထိုသို့အလုပ်ရှာဖွေလျှောက်ထားရာတွင် မိမိတတ်ကျွမ်းထားမှု၊ လေ့လာထားမှု၊ အောင်မြင်အောင် ဆောင်ရွက်နိုင်မှုတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်ရှင်များကိုတင်ပြ၍ မိမိကိုယ်မိမိ ဈေးကွက်တင်ကြပေမည်။ထိုသို့ဈေးကွက်တင်ရာတွင် ကျွမ်းကျင်စွာတင်ပြပုံကောင်းသူများကသာ အလုပ်ရလွယ်သောကြောင့် အရည်အချင်းတကယ်ရှိသူများအတွက် နေရာအားလုံးက ကမ်းလင့်နေပေသည်။ ထို့ကြောင့် အဆိုပါ စာအုပ်ကို လေ့လာဖတ်ရှုခြင်းဖြင့် မိမိလုပ်ကိုင်လိုသော အလုပ်ကို ဝင်ရောက်ဖြေဆိုခြင်းဖြင့် အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## လေဖြတ် လေညှပ် သေမတတ် အာရုံကြောရောဂါများ




လေဖြတ်ရောဂါသည် အသက်အရွယ်မရွေး၊ ရာသီမရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သောကြောင့် စာရေးဆရာ ဒေါက်တာ မောင်မောင်ညို စီစဉ်ရေးသားသော လေဖြတ်လေညှပ် သေမတတ်အာရုံကြောရောဂါများအကြောင်း စာအုပ်ထွက်ရှိလာသည်။

လေဖြတ်ခြင်း သို့မဟုတ် လေသင်တုန်းရိုက်ခြင်းသည် ဦးနှောက်သို့ ရုတ်တရက် သွေးမရောက်ဘဲ သင်တုန်းဓားနှင့် တိခနဲဖြတ်လိုက်သကဲ့သို့ ပြတ်သွားကာ လူသည် မူးမေ့လဲသွားပြီး သတိမရခြင်းဖြစ်သည်။ ခန္ဓာကိုယ်မသန်စွမ်းဖြစ်ကာ လက်လှုပ်မရခြင်း၊ ပါးရွဲ့ခြင်း၊ မျက်စိပြူးနေခြင်း၊ ခြေတစ်ဖက်ဆွဲနေခြင်း စသည်ဖြင့်ဒုက္ခိတဘဝ ဖြစ်သွားကြရသည်။ ဦးနှောက်လေဖြတ်လက္ခဏာများသည် စကားပြောရခက်ခဲခြင်း၊ လေးခြင်းနှင့် သူများပြောသည့်စကားကိုနားမလည်ခြင်း၊ မျက်နှာ၊ လက်မောင်း၊ လက်ဖျံ၊ ခြေထောက်၊ ပေါင်၊ ခြေသလုံးတုန်ခြင်း သို့မဟုတ် လှုပ်မရခြင်း၊ လေးခြင်း၊လက်တစ်ဖက်ကိုခေါင်းပေါ်တင်ကြည့်လျှင် လက်တစ်ဖက်ပြုတ်ကျလာပါက လေဖြတ်တော့မည်၊ လေဖြတ်နေသည်ဟုသိရသည်။

**စာအုပ်ကိုဂုဏ်ထူးစာပေ၊ အမှတ် - ၁၉၂၊ ၃၃ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၆၅၉၀နှင့် ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## နုပျိုစဉ်က နုလုံးသား



ဝသုန်နွယ်၏ နုပျိုစဉ်ကနုလုံးသား စာပေလက်ရာစုစည်းမှုစာအုပ်ထွက်ရှိလာသည်။

'ရွှေကျောင်းပြောင်၊ ထမင်းအမြိန်ဆုံးနေ့၊ လမသာလည်း ဝမ်းမနည်း၊ ဘဝပေးဆရာ၊ မကြွေပန်းတို့သက်ရှိရာဇဝင်၊ ဥပဒေထဲကလူ' စသည့်စာပေလက်ရာ ၁၅ ပုဒ်ပါရှိသည်။ ဥပဒေထဲကလူ ခေါင်းစဉ်အောက်တွင် "လူသတ်မှုတစ်ခုမှာသေဒဏ်ကျခြင်း၊ သေဒဏ်မကျခြင်းဟာ အမှုစစ်တရားသူကြီးရဲ့ သင့်လျော်သလိုရွေးချယ်မှု မဟုတ်ဘဲ ငြိစွန်းသွားတဲ့ ပုဒ်မခွဲအရသာ ဖြစ်ပါတယ်" ဟုဖော်ပြထားသည်။

**အနာဂတ်ကာလစာပေဆက်ဆံရေး ဖုန်း ၀၉ - ၄၂၁၁၃၁၆၈၉၊ အမှတ် ၂၀၆ (A)၊ မြေညီထပ်၊ လမ်း - ၄၀ (လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မြန်မာ့ရိုးရာ စကားထာများ




စကားထာဟူသောဝေါဟာရ၏ အနက်အဓိပ္ပာယ်ကိုသိရှိနိုင်စေရန် စာရေးသူကြည်ဦးစီစဉ်ရေးသားသော မြန်မာ့ရိုးရာ စကားထာများစာအုပ် ထွက်ရှိလာသည်။

ရှေးခေတ်အခါက ရွှေနန်းတော်ထဲတွင်လည်းရွှေနန်းတော်အလျောက်၊ ကျေးလက်တောရွာများတွင်လည်း ကျေးလက်တောရွာများ အလျောက် လုလင်ပျို လုံမပျိုတို့သည် မြန်မာစကားထာဝှက်ဆိုကြသောအလေ့အထကို စွဲစွဲမြဲမြဲပြုလုပ်ခဲ့ကြလေသည်။ သို့ရာတွင် စကားထာများကို စာတစ်စောင် ပေတစ်ဖွဲ့အနေနှင့် မည်သည့်ပညာရှိသုတေသီတစ်ဦးတစ်ယောက်မျှ မှတ်တမ်းတင်ထားခဲ့သည်ဟူ၍ မရှိခဲ့သောကြောင့် အလွန်တရာချစ်စရာကောင်းသော မြန်မာမှုတစ်ရပ် တိမ်ကောပျောက်ကွယ်သလောက်ရှိနေသည်ကို ရတန်သရွေ့စုစည်းရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

# ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ ပြန်လည်လက်တွဲခဲ့ခြင်းက ပြဿနာတွေကို ဖန်တီးနေရော့သလား

ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ပရိသတ်တွေကို အံ့အားသင့်စေခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျင်စတင်ဘီဘာတို့ရဲ့ နောက်တစ်ကြိမ် အချစ်ခရီးပြန်လည်စတင်ခဲ့တဲ့သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ အစပိုင်းမှာ သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေအဖြစ်သာ ပြန်လည်တွေ့ဆုံခြင်းဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့တာကို တွေ့ရပြီး နောက်ပိုင်းမှာတော့ နှစ်ဦးအကြားက ဆက်ဆံရေးဟာ ပိုမိုလေးနက်လာကာ သူတို့နှစ်ဦးကိုလည်း မကြာခဏဆိုသလို အတူတွဲကာ တွေ့ခဲ့ရပါတယ်။ နောက်ဆုံးအနေနဲ့ တွေ့ခဲ့ရတာကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ ကယ်လီဖိုးနီးယားမှာရှိတဲ့ လေဆိပ်တစ်ခုမှာ ကိုယ်ပိုင်လေယာဉ်တစ်စင်းပေါ်ကနေ အတူဆင်းသက်လာတာကိုတွေ့ခဲ့ရပြီး ဆိုင်တစ်ဆိုင်မှာ ချိန်းဆိုတွေ့ဆုံခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုနှစ်ဦးအကြား ခိုင်မာတဲ့ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပြီးတဲ့နောက် ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့မိသားစုတွေနဲ့ ဂျက်စတင်ဘီဘာအကြား ဆက်ဆံရေးပြေလည်စေဖို့ ကြိုးပမ်းခဲ့ရာမှာတော့ မိသားစုပြဿနာတွေ စတင်ခဲ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။




ပထမအကြိမ်ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်ကလည်း ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ မိသားစုဆက်ဆံရေးဟာ ပြေလည်ခဲ့တာမဟုတ်ပါဘူး။ လမ်းခွဲခဲ့ကြပြီးနောက်မှာမှ နောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ရာမှာလည်း ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့မိသားစုဆက်ဆံရေးဟာ ကောင်းမွန်ခဲ့ခြင်းမရှိတာကို




တွေ့ရပြန်ပါတယ်။ ဒီလိုဆက်ဆံရေးမပြေလည်တဲ့အကြောင်းကတော့ အတိတ်မှာ ဂျက်စတင်ဘီဘာဟာ ဆယ်လီနာရဲ့အသည်းကို အကြိမ်ကြိမ်ခွဲကာ နာကျင်စေခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒီလိုဒဏ်ရာတွေ အကြိမ်ကြိမ်ပေးခဲ့သူတစ်ယောက်ကို နောက်တစ်ကြိမ် ပြန်လည်လက်တွဲမှာမဟုတ်ဘူးရယ်လို့ ထင်ထားခဲ့ကြတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ မိသားစုဝင်တွေအနေနဲ့တော့ သူတို့နှစ်ဦးရဲ့ တစ်ကျော့ပြန်အချစ်ခရီးကို လုံးဝနားလည်လက်ခံမပေးနိုင်တာလည်း ဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ရဲ့ မိခင်ဖြစ်သူ အသက်(၄၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မန်ဒီတီးဖီးက ဆယ်လီနာဂိုမက်ဇ်ဆီက ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းကို ကြားသိခဲ့ရပြီးနောက်မှာတော့ စိတ်ဖိစီးမှုတွေကို ခံစားခဲ့ရကာ အဆုံးမှာတော့ ဆေးရုံတက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါ့အပြင် မန်ဒီက အသက်(၂၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သမီးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာပါ အဆက်အသွယ်ဖြတ်ပစ်ခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ကလည်း မိခင်ဖြစ်သူကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ အန်ဖောလိုးလုပ်ပစ်ခဲ့တာကြောင့် သားအမိနှစ်ဦးစလုံး တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်ဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါဟာ မိသားစုအကြားမှာ ကောင်းမွန်တဲ့လက္ခဏာတော့ မဟုတ်ပါဘူး။

ဆယ်လီနာဂိုမက်နဲ့ ရင်းနှီးတဲ့ အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ ဆယ်လီနာအနေနဲ့လည်း သူနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ ဆက်ဆံရေးဟာ သူ့ရဲ့မိခင်နဲ့ အခြားသောမိသားစုဝင်တွေအတွက် ပြဿနာတွေ ဖန်တီးနေသလိုဖြစ်နေတဲ့အပေါ် အလွန်ကိုစိတ်ထိခိုက်ခံစားနေရတယ်လို့ သိရပါတယ်။ ဒါ့အပြင် ဆယ်လီနာဟာ သူ့ရဲ့မိခင်ဖြစ်သူကို စိတ်ကျေနပ်စေမှာလား၊ နှလုံးသားရဲ့ စေစားရာနောက်ကို လိုက်ရမှာလားရယ်လို့ တစ်ခုခုကိုရွေးချယ်ဖို့အတွက် အတင်းဖိအားပေးနေသလို ခံစားနေရပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ ဂျက်စတင်ဘီဘာကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နှစ်ပေါင်းများစွာ ချစ်ခဲ့သူတစ်ဦးဖြစ်ပြီး သူတို့နှစ်ဦး အမှတ်တရတွေများစွာကိုလည်း အတူဖြတ်သန်းခဲ့ကာ လက်ရှိအချိန်အထိလည်း ချစ်နေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

ဆယ်လီနာဂိုမက်က ဂျက်စတင်ဘီဘာအနေနဲ့ ယခင်ကနဲ့မတူဘဲ ပိုမိုရင့်ကျက်ကာ တည်ငြိမ်လာပြီဖြစ်ကြောင်းနဲ့ ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း မိခင်ဖြစ်သူနားလည်စေဖို့အတွက် ကြိုးစားခဲ့ပေမယ့် မန်ဒီကတော့ သူ့ရဲ့စိတ်မှာ ပွင့်လင်းစွာနဲ့ သမီးဖြစ်သူ ဂျက်စတင်ဘီဘာနဲ့ အနာဂတ်ခရီးဆက်မယ့်အရေးကို လက်ခံမပေးနိုင်ဖြစ်နေပါတယ်။ ဆယ်လီနာအနေနဲ့ကလည်း မိသားစုရဲ့ပျော်ရွှင်မှုနဲ့ ဂျက်စတင်ဘီဘာနဲ့ အချစ်ခရီးဆက်ဖို့အတွက် တစ်ခုခုကို ရွေးချယ်ဖို့ ဖိအားတွေ ရှိနေပါတယ်။ မိခင်ဖြစ်သူကလည်း သူ့ကို အကောင်းဆုံးကာကွယ်ပေးနေတာဖြစ်ကြောင်း နားလည်ထားပြီး သူနဲ့ ဂျက်စတင်ရဲ့ ဆက်ဆံရေးကြောင့် မိသားစုဝင်တွေနဲ့ ပြဿနာဖြစ်ကာ မိသားစုကို စိတ်ပူပန်စေခဲ့တဲ့အပေါ် အတော်လေးစိတ်မကောင်းဖြစ်နေရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်မတွဲမီက ဆယ်လီနာဂိုမက်ဇ်နဲ့ မိခင်ဖြစ်သူတို့ရဲ့ဆက်ဆံရေးဟာ အတော်လေးကောင်းမွန်ခဲ့ပါတယ်။ ဆယ်လီနာအနေနဲ့ ယခုနှစ်အတွင်း ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့ချိန်တွေမှာလည်း မိခင်ဖြစ်သူရဲ့ အားပေးကူညီမှုတွေကို ရရှိခဲ့ပါတယ်။ မန်ဒီအတွက်ကတော့ သမီးဖြစ်သူကို အကြိမ်ကြိမ်နာကျင်စေခဲ့ပြီး ဇာတ်လမ်းတွေများစွာ ရှိနေသူတစ်ဦးရဲ့ ရင်ခွင်ထဲမှာ ပြန်လည်မြင်တွေ့ရတာဟာ အလွန်ကို စိတ်ထိခိုက်စရာဖြစ်နေပါတယ်။ မန်ဒီအပြင် အခြားသော ဆွေမျိုးတွေကလည်း ဆယ်လီနာကို ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲဖို့အရေး မထောက်ခံကြပါဘူး။ ဒါ့ကြောင့်ပဲ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်တို့ မိသားစုရဲ့ ကျေးဇူးတော်နေ့ ညစာစားပွဲမှာ ဂျက်စတင်ဘီဘာကို မတွေ့ရတာလည်း ဖြစ်ပါတယ်။

ဆယ်လီနာအနေနဲ့ မိခင်ဖြစ်သူ ယခုလို စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရပြီး ဆေးရုံတက်ရောက်နေရတဲ့အချိန်မှာ သူ့ကို လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ အဆက်အသွယ်ဖြတ်ခဲ့တာကတော့ ဝမ်းနည်းစရာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၇ ရက်မှာတော့ မန်ဒီက သူ့ရဲ့အင်စတာဂရမ်မှာ သူ့ရဲ့ဆယ်ကျော်သက်မိခင်ဘဝက သမီးဖြစ်သူ ဆယ်လီနာကို ချီထားတဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ဒုတိယမြောက်သမီးလေး စကားလက်ကို ကိုယ်ဝန်လွယ်ထားရချိန် ဆယ်လီနာက မိခင်ဖြစ်သူရဲ့ ဝမ်းဗိုက်ကို ကိုင်ကာ ရိုက်ကူးထားတဲ့ဓာတ်ပုံကိုလည်း ဖော်ပြခဲ့ပါတယ်။ နောင်အနာဂတ်မှာတော့ ဆယ်လီနာနဲ့ သူ့ရဲ့မိခင်ဖြစ်သူတို့ဟာ အချိန်တွေကို အတူဖြတ်သန်းနိုင်မယ်လို့ မျှော်လင့်မိပါတယ်။

အေးပြည့် စုစည်းသည်

## လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ တေးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယန်ဟာ မကြာမီလက်ထပ်တော့မှာဖြစ်ကြောင်း ပရိသတ်တွေကို တရားဝင်အသိပေးလာခဲ့တာ ဖြစ်ပါတယ်။

တေးယန်ဟာ ချစ်သူတွေအဖြစ် နှစ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ တေးသံရှင် မင်ဟိုရင်နဲ့ မိသားစုဘဝတည်ဆောက်ဖို့ရာဆုံးဖြတ်ခဲ့တာဖြစ်ပြီး ဂီတကြယ်ပွင့်နှစ်ဦးရဲ့ မင်္ဂလာပွဲကိုတော့ လာမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး နှစ်ဖက်အေဂျင်စီတွေကအတည်ပြုပေးခဲ့ကာ မင်္ဂလာရက်အတိအကျကိုတော့ သတ်မှတ်ပြီးခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ရင်းနှီးတဲ့အသိုင်းအဝိုင်းက ပြောကြားခဲ့တာကတော့ မင်္ဂလာပွဲကို အကျဉ်းချုံးသာပြုလုပ်သွားမှာဖြစ်ပြီး မကြာမီမှာ စစ်မှုထမ်းရတော့မယ့် တေးယန်က စစ်မှုမထမ်းမီ မင်္ဂလာပွဲကျင်းပသွားလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။





## ဂျွန်ဟွန်းရဲ့ စျာပနကို ချစ်သူဟောင်း ရှင်ဆယ်ကွန်း တက်ရောက်



ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့တဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းရဲ့ စျာပနအခမ်းအနားကို ဆိုးလ်အာရှဆေးပညာစင်တာမှာ ပြုလုပ်ခဲ့ရာမှာတော့ ကေပေ့ါပ်ကြယ်ပွင့်တွေနဲ့ ပရိသတ်တွေ လာရောက်နှုတ်ဆက်ခဲ့တာဖြစ်ပါတယ်။ ဒီလို ဂျွန်ဟွန်းကို နောက်ဆုံးအကြိမ် လာရောက်တွေ့ဆုံသူတွေထဲမှာ သူ့ရဲ့ချစ်သူဟောင်းဖြစ်တဲ့ မင်းသမီး ရှင်ဆယ်ကွန်းလည်း ပါဝင်နေတာကို တွေ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်ဟွန်းရဲ့ စျာပနအခမ်းအနားအတွက် သူ့ရဲ့အဖွဲ့သားတွေက အဓိကကူညီဆောင်ရွက်ပေးနေတာဖြစ်ပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်မှာတော့ ဂျွန်ဟွန်းကို ချစ်ခင်ကြသူတွေနဲ့ ပရိသတ်တွေ နောက်ဆုံးတွေ့ဆုံနှုတ်ဆက်နိုင်စေဖို့အတွက် သူ့ရဲ့ အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က စျာပနအခမ်းအနားကို စီစဉ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၉ ရက် နဲ့ ၂၀ ရက်တွေမှာ လူအများကို လာရောက်နှုတ်ဆက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်မှာတော့ ဂျွန်ဟွန်းရဲ့ ပရိသတ်ထောင်နဲ့ချီကာ လာရောက်နှုတ်ဆက်ကြပြီး ဒေသတွင်း ပရိသတ်တွေသာမက နိုင်ငံတကာက ပရိသတ်တွေပါ လာရောက်နှုတ်ဆက်ကြတာ ဖြစ်ပါတယ်။ နာမည်ကျော်ကြယ်ပွင့်တွေလည်း လာရောက်ကြပြီး အဲဒီအထဲမှာ ရှင်ဆယ်ကွန်းလည်း ပါဝင်နေကာ သူ့ကိုတော့ အလွန်ဝမ်းနည်းနေတဲ့ဟန်နဲ့ တွေ့ခဲ့ရတာဖြစ်ပါတယ်။

ရှင်ဆယ်ကွန်းနဲ့ ဂျွန်ဟွန်းတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက် လအတော်ကြာ လက်တွဲခဲ့ပြီးနောက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ပြောကြားခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OK$ ငွေသားကံစမ်းမဲဆုများ ပါရှိသည်။



ONE TEA နို့ဆီ






09 5178737
CGMFandB

ကံစမ်းမဲ နံပါတ် ရိုက်ထည့်ရန်



မြဝတီစာပေတိုက်မှ ထွက်ပြီ
လက်တွေ့ကျကျ
ဘော်ဒီဝိတ်ချလိုသူများ အတွက်
ကိုယ်တွေ့ အတွေ့အကြုံများကို
မျှဝေခြင်း ဖြစ်ပါသည်....
ဝေလွင်မောင် နှင့် ဝေဖြိုးအောင်

သားနှင့်အတူ မိုင်ပေါင်းကုဋေ......

ကျွန်တော်တို့ ...သားအဖနှစ်ဦး၏ ခြေစက်များအကြားကနေ ဖန်တီးနိုင်ခဲ့သောစာအုပ်ဖြစ်ပါတယ်.....
၈ လတာကာလအတွင်း သားက ပေါင် ၅၀ နှင့် ကျွန်တော်က ၃၃ပေါင် လျှော့ချနိုင်ခဲ့ပါတယ်..
ကျွန်တော်တို့ရဲ့လေ့ကျင့်ခန်းများ အစားအသောက်အနေအထိုင်များ စိတ်ဓာတ်မြှင့်တင်ရေးစွမ်းအားများကို
အသက်ရှည်ရာ အနာမဲ့ကြောင်းအထောက်အကူပြု ရေးသားထားပါတယ်။ ဝေလွင်မောင် နှင့် ဝေဖြိုးအောင်

ရန်ကုန် ။ အင်းဝစာပေ၊ စာပေလောက( ၂/ ၆/၇)၊ စာပေနန်းတော် ၊ စာပေရတနာ ၊ခေတ်သစ် ၊ အမြင်သစ် ၊ စာပေလောက ( လှည်းတန်း ) ၊ ရန်အောင်စာပေ၊ ရာပြည့် ၊ ပါရမီ ၊ မြဝတီစာအုပ်ဆိုင် ၊ သတင်းနှင့်စာနယ်ဇင်း ၊ စာပေဗိမာန် ၊ ပညာအလင်းပြ၊ စောဦးစာပေ ၊ ကိုလတ်စာပေ၊ နေအေးစာပေ ၊ ပစ်တိုင်းထောင်၊ TAB Book ၊
မန္တလေး ။ ညီစာပေ ၊ ထွန်းဦးစာပေ ၊နဂါးစာပေ ။ ပျဉ်းမနား ။ သရဖူ ၊ သော်တာဆန်း ။ လယ်ဝေး ။ ရွှေနဒီစာပေ၊ ရွှေအင်းလေးစာပေ၊ကံကော်စာပေ ( 09 2130631 )။
နေပြည်တော်(သပြေကုန်း) ။ အဓိပတိစာပေ၊လမင်းဝင်းဝင်းစာပေ၊ Super One( နေပြည်တော် )၊ ရန်ကုန်City Martဆိုင်များ။ အင်းဝBook & Caffe မြန်မာပလာဇာ(ဒု အလွှာ)။
တူဒေးစာပေ ။ အုပ်ရေ ( ၁၀ )အုပ်နှင့်အထက် 09 31040999 သို့မှာကြားပါက သက်ဆိုင်ရာ ကားဂိတ်များသို့ တိုက်ရိုက် ပို့ဆောင် ပေးပါမည်.။ (တန်ဖိုး ၂၀၀၀/- ကျပ်)

ဖြန့်ချိရေး ။ ရန်ကုန် ဖုန်း ။ 09 32498724 ( MWD ) / 09 31040999 နေပြည်တော်။ 0673419226 / 09 5036562 / 09 896500068 / 09 31239381

STARFISH Education
KAPLAN Certified Education Provider

World Class Training for IELTS®, TOEFL®, SAT®, GMAT®, GRE®

IELTS® , TOEFL®, SAT® အမှတ်ကောင်းရလိုသူများအတွက် Intake တိုင်းတွင် ထူးချွန်ကျောင်းသား/သူများ မွေးထုတ်ပေးနေသော STARFISH Education ကို ရွေးချယ်လိုက်ပါ။

လစဉ်တန်းခွဲသစ်များရှိသည်

January Intake အတွက် Placement Test များ လာရောက်ဖြေဆိုနိုင်ပါပြီ။

No. (3-B), Power Condo, Insein Road, Hledan, Kamaryut Township, Yangon.

Enroll Now 09 777264230~31




စမ်းချောင်းမြို့နယ်၊
ပြည်လမ်းမပေါ်ရှိ
KBZ Tower ၅ လွှာတွင်
ရုံးခန်းရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
01 925 3720-2
09 4556 33810

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

SGS

Certificate TH09/3125

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့ထုတ်လုပ်သည်။

UKAS

Certificate TH06/3966.01

Since 2012
NIC
NANYENG INTERNATIONAL COLLEGE (ယခင် YCTC Business Institute)
"YOUR SUCCESS IS OUR GOAL"



- Certificate in Business Communication
  Start on : 6th January 2018 (Saturday 5:00PM to 7:00PM)
- Certificate in Financial Management
  Start on : 7th January 2018 (Sunday 3:00PM to 6:00PM)
- Cert in Project Management
  Start on : 18th January 2018 (Thur , Fri 6:00 - 8:00)
- Cert in Retail Management
  Start on : 18th January 2018 (Thur , Fri 6:00 - 8:00)
- Diploma in Business English (Accredited by IQN, UK)
  Start on : 14th January 2018 (Sun 9:00AM to 12:00PM)

အစောဆုံးသင်တန်းအပ်ပြီး Early Bird Discounts များရယူလိုက်ပါ။

ခြံအမှတ် ၁၂၄ (C) ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် (နံ့သာကျောင်းအနီး)
Tel : (09) 420118100, (09) 250640429, (09) 777456762 www.nic.com.mm

GOLDEN EDEN SLEEP SOLUTIONS
Imported from Singapore
www.goldenedensleepsolutions.sg



CHRISTMAS SALE
Bedsheet | Comforter | Pillow | Bolster

Place: North Point Ocean ( 9 miles Ocean) Date: 22 to 25 December 2017



Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza
Ph: 01 203671, 205756

## ဝမ်းနည်းကြေကွဲခြင်း
## ဦးနေဝင်းဆွေ

သူငယ်ချင်း ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မစန္ဒာတို့ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းသိန်း(ငွေဆဒ္ဒန်)နှင့် ဒေါ်လှမျိုးနွယ်**
**အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
ကြည်း-၂၈၁၆၃ **ဗိုလ်မှူးကြီး သန့်ဇင်ဝင်း (DSA-38)**
**(၂၁-၁၂-၂၀၁၆) မှ (၂၁-၁၂-၂၀၁၇)သို့**

ကြာလည်းမမေ့၊ ရှာလည်းမတွေ့
ငါလည်းတစ်နေ့---- သို့ပေမယ့်လည်း
ရုပ်-နာမ် ဓမ္မ သင်္ခါရတို့
မမြဲမှန်စွာ ဓမ္မတာဟု
ဖြစ်ပျက်သဘော သိပါသော်လည်း
မမေ့နိုင်အောင် ပူလောင်ဆွေးမြေ့
အောက်မေ့ သတိရဆဲပါ။
ပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို
အမျှ---အမျှ---အမျှ---
ပေးဝေပါတယ်---
ရောက်ရာဘုံဘဝမှ အေးချမ်းပြီး တရားတော်တွေကို
နာကြား--နားလည်နိုင်ပါစေ--

**ချစ်ဇနီး ဒေါ်ဇာလီဝင်း**
**သားကောင်း၊ သားထူး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြသိန်း**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၀)နေ (ဦးရွှေအိုး-ဒေါ်သိန်းမူ)တို့၏ သမီး၊ (ဦးအောင်သန်း)၏ ဇနီး၊ ပါမောက္ခဒေါက်တာမြင့်အောင်-ပါမောက္ခဒေါက်တာအေးအေးသန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာခိုင်ခိုင်မြင့်(ဒါရိုက်တာ-Medical Shwe Bhone Co., Ltd.)၏အဘွား ဒေါ်မြသိန်းသည် ၁၉-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေဘုန်း**
**အထူးကုဆေးခန်းနှင့် အဆင့်မြင့်**
**ရောဂါရှာဖွေရေးစင်တာ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြသိန်း**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၀)နေ (ဦးရွှေအိုး-ဒေါ်သိန်းမူ)တို့၏ သမီး၊ (ဦးအောင်သန်း)၏ ဇနီး၊ ပါမောက္ခဒေါက်တာမြင့်အောင်-ပါမောက္ခဒေါက်တာအေးအေးသန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာခိုင်ခိုင်မြင့်(ဒါရိုက်တာ-Medical Shwe Bhone Co., Ltd.)၏အဘွား ဒေါ်မြသိန်းသည် ၁၉-၁၂-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာမြင့်မြင့်ငြိမ်း**
**ပါမောက္ခ၊ ဌာနမှူး (ရောဂါဗေဒဌာန)**
**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
### ဒေါ်သန်းသန်းညွန့် (တောင်ငူမြို့)
**အသက် (၈၀) နှစ်**

ဦးထွန်းခင်သန်း (ဒု-ညွှန်/မှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းမော်တို့၏ မိခင်သည် ၁၉-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊တ•ဆ•ရ(၅)**
**ဆည်မြောင်းဦးစီးဌာ၊**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
### ဒေါ်သန်းသန်းညွန့် (တောင်ငူမြို့)
**အသက် (၈၀) နှစ်**

ဦးထွန်းခင်သန်း (ဒု-ညွှန်/မှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းမော်တို့၏ မိခင်သည် ၁၉-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကြည် - ဒေါ်ဖြူဖြူမြင့်**
**ညွှန်ကြားရေးမှူး တ•ဆ•ရ•(၅)**
**ဆည်မြောင်းဦးစီးဌာန**

## ဗိုလ်ကြီး ဒေါ်လှလှ(ငြိမ်း) (၈၆)နှစ်
**စစ်ဆင်ရေးဌာန စစ်ရုံးချုပ်**
**ကြည်း-၇၂၈၃**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက်(၂၈၃)၊ အခန်း(၂)နေ (ဦးပိန်ကျန်-ဒေါ်ပု)တို့၏သမီး၊ [ဦးအေးကျော် (အုပ်ချုပ်ရေးမှူး-ငြိမ်း၊ သန်လျင်ရေနံချက် စက်ရုံ)]၏ ဇနီး၊ (ဦးထွန်းကျော်သူ)-ဒေါ်အေးအေးခိုင်၊ ဦးမင်းကျော်သူ (Automation Enginner Ocean Taunker Pte LTD)-ဒေါ်သစ်သစ်နွယ်တို့၏ မွေးသမိခင်၊ မောင်ဝေယံအောင်၊ မရွှန်းလဲ့သူတို့၏အဘွားသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွန်း (၅၆)နှစ်
**ခရိုင်သာသနာရေးမှူး(ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန (သံတွဲခရိုင်၊ ဗန်းမော်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်)၊ မြောက်ပိုင်းခရိုင်**
**YRTA စည်းကမ်းဌာနမှူး**

ရန်ကုန်မြို့၊ သုဝဏ္ဏနေ (ဦးကျော်ညွန့်)-ဒေါ်မြမြစိန်တို့၏ သားကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်းသွယ်၊ တိုက်(၈၁)၊ ပထမထပ်နေ ဒေါ်သန်းသန်းဝင်း ( ကျန်းမာရေးမှူး-၁)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၏ခင်ပွန်း၊ မဆုရတနာထွန်း(ပဉ္စမနှစ်-ဥပဒေပညာ၊ ဒဂုံတက္ကသိုလ်)၏ဖခင်၊ ဒေါ်သိဂီ(အထက်တန်းပြ၊ အထက ၂-ဒဂုံ)၊ ဒေါ်သင်းသင်းနိုင် (ဦးစီးအရာရှိ၊ ကာယ-ကျောင်းကျန်းမာ)၊ အရှေ့ပိုင်းခရိုင်ပညာရေးမှူးရုံး၊ ဒေါက်တာနေမျိုးအောင်[ဌာနမှူး(စီမံ)စိုက်ပျိုးရေးတက္ကသိုလ်-ရေဆင်း]-ဒေါ်နွယ်နွယ်စိုး၊ (ဦးခင်မောင်သန့်)တို့၏အစ်ကိုကြီးသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သုဝဏ္ဏ/သင်္ဃန်းကျွန်းနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**အင်စောလျှံ(ခ)ဒေါ်ပဲ**
**အသက်(၈၈)နှစ်**

သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဖြူဖြူသိန်း၊ ဒေါက်တာဒေါ်နီနီသိန်းတို့၏မိခင်ကြီး အင်စောလျှံ(ခ)ဒေါ်ပဲသည် ၁၈-၁၂-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့၊ ဆေးရုံအုပ်ကြီး**
**မဟာမြိုင်ဆေးရုံမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (၉၂)နှစ်
**(ပြုံးပန်းတစ်ရာခရီးသည်ပို့ဆောင်ရေး)**

အထောင်မြို့၊ (၄)ရပ်ကွက်၊ ယုဇနလမ်းနေ (ဦးအယုံ-ဒေါ်ခင်ညို)တို့၏ သမီးကြီး၊ (ဦးစင့်ချူ)၏ ချစ်လှစွာသောဇနီး၊ (ဦးတင့်လွင်ဦး)၊ ဦးသန့်စင်-ဒေါ်မြမြစိန်၊ ဦးမင်းလွင်-ဒေါ်ရီရီမြင့်၊ ဦးတင့်နိုင်-ဒေါ်ဥမ္မာအေး၊ ဦးမင်းဇော်-ဒေါ်ခင်မာရီ၊ ဦးခင်မော်-ဒေါ်တင်တင်နိုင်၊ ဦးမြသန်း-ဒေါ်အေးအေးမွန်၊ (ဒေါ်မြင့်မြင့်မော်)၊ ဦးတင်ထွန်း-ဒေါ်မိမိခိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်၊ မြေး ၁၈ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် အထောင်မြို့မြောက်ပိုင်း သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### အလှူ့ ဒါယကာကြီး
### ဦးစိုးတင့်
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ အမှတ်(၉၁)၊ ခြောက်လွှာ(B)၊ ဗိုလ်မင်းရောင်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်စိုးစိုးဦး၊ ဦးဝင်းမောင်-ဒေါ်ခင်အုံးမြင့်၊ (ဦးဉာဏ်ကျော်)-ဒေါ်စန်းစန်းငွေ၊ ဦးအောင်ကြည်(သံမှူးကြီး၊ မြန်မာသံရုံး၊ ရီယာဒ်မြို့၊ ဆော်ဒီအာရေဗျနိုင်ငံ)-ဒေါ်ရီရီဝင်း (သံရုံးစာရေး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊ ဂျပန်နိုင်ငံ)၊ ဦးထွန်းထွန်းနိုင်-ဒေါ်အေးအေးမြတ်၊ ဦးဖြိုးမြင့်ဦး-ဒေါ်သီသီနွေးမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ည ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၇(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင်ဝင်း
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၄၅၅)၊ ရေစက်လမ်း၊ ပထမထပ်(A)၊ ဗမာအေးရပ်ကွက်နေ (ဦးအောင်ကြည်-ဒေါ်သန်းအေး)တို့၏ သား၊ ဒေါ်လဲ့လဲ့ဝင်း၏ခင်ပွန်း၊ ကိုဖြိုးဝေဝင်း-မမိုးမိုးစံ၊ ကိုကျော်စွာဝင်း-မခိုင်ရတနာလွင် (မအူပင်စည်ပင်)၊ ကိုရန်နောင်စိုး (Myanmar Airways International)-မအိဖြိုးဦး(Amadeas Myanmar)တို့၏ဖခင်၊ မမိုးချမ်းမြေ့ပိုင်၏ အဘိုးသည် ၂၀-၁၂-၂၀၁၇ ရက် နံနက် ၉း၄၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးဝင်းထိန် (၆၄)နှစ်
**(မြန်မာ့ရေနံသယ်ပို့-ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာအထက်လမ်း၊ အမှတ်(၆၁၂)နေ ဦးတင်ရွှေ-(ဒေါ်မြနှစ်)တို့၏ သား၊ (ဦးညွှန့်မောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်မြဝင်း၏မောင်၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်သန်း-ဒေါ်ညိုညိုထွန်း၊ ဦးငွေမင်းခိုင်-ဒေါ်သန်းသန်းခိုင်၊ မမေစန္ဒာဝင်းထိန်(AGD Bank)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးအုန်းလှိုင်-ဒေါ်မြင့်လှိုင်၊ ဦးသန်းအောင်-ဒေါ်နီလာဝင်း၊ ဦးသက်ခိုင်-မသဇင်ဝင်း၊ ကိုအောင်ကိုကိုဝင်း-မအိသန္တာကျော်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

### သထုံမြို့နယ်အသင်း (ရန်ကုန်)
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ရင်ကြည်
### (သခင်မ-မရင်ကြည်)
**သိမ်ဆိပ် (သထုံ)**
**မော်ကွန်းဝင် (တတိယဆင့်)**
### အသက် (၉၇)နှစ်

အမှတ် (၁၂/အေ)၊ (၁၅၄)လမ်း၊ တာမွေကြီး (က-ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘဆွေ-ဒေါ်အုန်းမျှင်)တို့၏သမီး၊ (ဗိုလ်မှူးဘိုးကွန်း-ဒေါ်ဒေါ်သက်)တို့၏သမီးချွေးမ၊ [ဦးခင်မောင်(ခ)ဗိုလ်ခင်အေး]၏ ဇနီး၊ ဒေါက်တာကွန်းဇော်-ဒေါ်မြင့်မြင့်ရီ (ခေတ္တ-Australia)၊ [ဒေါက်တာသန်းဆွေ (ပါမောက္ခချုပ်-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့)]-ဒေါ်ယုယုခင်(ခ)ဒေါ်နုနုခင်၊ ဗိုလ်ကြီးတင်ထွန်း (ထွေဂျာ-ငြိမ်း၊ စက်မှု-၁)-ဒေါ်ဝေဝေခင်၊ ဒေါက်တာကွန်းမော်-ဒေါ်တင်ဦးဝေတို့၏မိခင်သည် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

### မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
**သက်ကြီးပူဇော် ကန်တော့ခံပုဂ္ဂိုလ်**
### ဒေါ်နီနီ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၈၀)နေ မြို့နယ်အသင်းအမှုဆောင် ဦးမျိုးသိန်းထွန်း၏မိခင် သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ် ဒေါ်နီနီသည် ၁၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား/အသင်းသူများအား အကြောင်းကြားအပ်ပါသည်။

မြို့နယ်အသင်းအမှုဆောင်အဖွဲ့

### ကသာခရိုင်အသင်း(ရန်ကုန်)
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးဝင်းတင်အေး (၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဘိုးမှန်လမ်း၊ အမှတ်(၁၈)နေ (ဦးမောင်ပု-ဒေါ်အေးရီ)တို့၏ သား၊ ကသာခရိုင်အသင်း(ရန်ကုန်) အသင်းဝင်၊ ဒေါ်ပုပုခင်၏ ချစ်လှစွာသောခင်ပွန်း၊ သားသမီးလေးယောက်တို့၏ဖခင် ဦးဝင်းတင်အေးသည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် လိုက်ပါပို့ဆောင်နိုင်ပါရန် အသင်းသူ/အသင်းသားများအား တိုက်တွန်းနှိုးဆော်အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကသာခရိုင်အသင်း(ရန်ကုန်)
အမှုဆောင်အဖွဲ့

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဆောင်း (၆၈)နှစ်

မကွေးတိုင်းဒေသကြီး၊ စကုမြို့နေ (ဦးစိန်-ဒေါ်စိန်ခင်)တို့၏သား၊ ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ လက်ပံကျေးရွာနေ (ဦးဘဆောင်-ဒေါ်သင်းထုံ)တို့၏ သားသမက်၊ ဦးညီညီနိုင်-ဒေါ်နှင်းနန္ဒာနွယ်၊ ဗိုလ်မှူးဆွေလင်းထူးအောင်-ဒေါ်နွယ်နွယ်သိန်း၊ ဦးကျော်သိခ်-ဒေါ်ယဉ်သန့်အေး၊ ဦးသူရကျော်စွာ-ဒေါ်ယဉ်ကျော့အေးတို့၏မွေးသဖခင်၊ မအိန္ဒြေရှင်းသန့်၊ မမေဖူးပွင့်ကျော်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၇)လမ်း၊ အမှတ်(၅၁၆)၊ သုံးလွှာနေ ဒေါ်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၇(အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၇)လမ်း၊ အမှတ်(၅၁၆)၊ သုံးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးခန္တီသာရ(ခ)ဦးချစ်ဆွေ
**ညွှန်ကြားရေးမှူး(ငြိမ်း)သမဝါယမဦးစီးဌာန**
## သိက္ခာတော်(၁၁)ဝါ၊ သက်တော်(၈၀)

ရန်ကုန်မြို့၊ သန်လျင်တံတားအိမ်ရာဝင်း၊ အောင်သပြေတောရ၊ ပရိယတ္တိစာသင်တိုက်၊ ဆရာတော် ဦးခန္တီသာရ၊ သိက္ခာတော်(၁၁)ဝါ၊ သက်တော်(၈၀)သည် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်) ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) ၂၁-၁၂-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အန္တိမဈာပနပွဲတော်ကို ကျီစုသုသာန်၌ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ
တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ
သန်လျင်တံတားအိမ်ရာဝင်း
ရန်ကုန်မြို့

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ကြည်ကြည်လွင်(ခ)MARRY WENT
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၂)၊ ဓမ္မရုံ(၁)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးအီဝင်း-ဒေါ်အမာ)တို့၏သမီးကြီး၊ ဦးခင်မောင်ရင် (ဒု-ညွှန်မှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန-ငြိမ်း)၏ဇနီး၊ (ဦးဂျင်ဖီဝင်း၊ ဦးအေးဝင်း၊ ဦးကျော်ဝင်း၊ ဒေါ်ကြည်ကြည်မြင့်)တို့၏ အစ်မကြီး၊ (ဒေါ်ချယ်ရီ/လွင်၊ ဒေါ်ပဂ္ဂီလွင်)တို့၏ မိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဂျွန်ဆင်ချင်း(ခ)ချင်ဝမ်ချန်း
### အသက် (၉၄)နှစ်
**(ရန်ကုန် ဝိုင်ကျုံးကျောင်းသားဟောင်းအသင်း ဥက္ကဋ္ဌဟောင်း)**
**(ရန်ကုန် တရုတ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဟောင်း)**
**(ရန်ကုန်ကူလွန်အသင်းဥက္ကဋ္ဌဟောင်း)**

ရန်ကုန်မြို့နေ (ဦးခိုင်တောင်-ဒေါ်ဝင်းငွေ)တို့၏ သားကြီး၊ (ဒေါ်ဖူဖူးရင်)၏ခင်ပွန်း၊ CANADA နေ ဦးမောင်ဝင်း-ဒေါ်ဝင်ခမ်း၊ ရန်ကုန်မြို့နေ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်သန်း၊ USA နေ Dr.Joseph chen (ခ)မောင်စိန်-ဒေါ်လင်စုလိန်၊ ရန်ကုန်မြို့နေ ဦးအောင်စိန်-ဒေါ်ခင်ခင်သန်း၊ USA နေ Dr. Kyle Maung-Dr. Olivia Ma၊ USA နေ ဦးသိန်းထီ- ဒေါ်ချယ်ရီသန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၇ ရက်နံနက် ၈း၃၁ နာရီ SARASOTA, FLORIDA, USA ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်မီမီလှိုင်(Vivien Soe Hlaing)
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ (၂)လမ်း၊ အေးရိပ်သာကွန်ဒို၊ အခန်း (၂-ဒီ)နေ [ဦးစိုးလှိုင် (အမွေထိန်းမင်းကြီး)-ဒေါ်ကြည်ကြည်လှိုင်]တို့၏ သမီးကြီး၊ (ဦးငွေးလှိုင်)၏ညီမ၊ ဒေါက်တာဦးမျိုးလှိုင်-ဒေါ်ခင်မာလွင်၊ (ဦးဇော်မြင့်လှိုင်)၊ ဒေါက်တာဒေါ်နီနီလှိုင်၊ ဒေါက်တာကြည်ဝင်းလှိုင်-ဒေါက်တာမီမီလေးတို့၏ ချစ်လှစွာသောအစ်မ၊ ကိုမြင့်သူရလှိုင်-မအေးမြတ်စိုး၊ ကိုသန့်ဇင်နောင်-ဒေါက်တာဆုရည်မွန်လှိုင်၊ ကိုမျိုးမင်းလှိုင်၊ ကိုသူရိန်မင်းလှိုင်တို့၏ ကြီးတော်သည် ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးရွှေ
**တပ်မတော်တပ်ထိန်း(မော်လမြိုင်)-ငြိမ်း**
### အသက် (၆၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် (ဦးသင်း-ဒေါ်စိန်ရှင်)တို့၏ သား၊ ဦးသောင်းရွှေ-ဒေါ်သောင်းရင်၊ (ဦးညွန့်လှိုင်-ဒေါ်ခင်မာရီ)၊ ဒေါ်ခင်ကြွယ်၊ ဦးခင်ငွေ-ဒေါ်အေးမြင့်၊ ဦးအုန်းငွေ-ဒေါ်မြင့်မြင့်လှိုင်၊ မော်လမြိုင်မြို့နေ ဦးအောင်သိုက်-ဒေါ်ငွေ၊ သာကေတမြို့နေ ဒေါ်ခင်စန်းကြည်၊ ဦးစန်းလွင်-ဒေါ်သန်းသန်းဝင်း၊ ဒေါ်စန်းစန်းဝင်းတို့၏ အစ်ကို/ညီမောင်၊ ဦးတင်ထွဋ်ဝင်း-ဒေါ်အိအိမာ၊ ဦးအောင်ထွန်းနိုင်-ဒေါ်နိုင်နိုင်စမ်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ (၁)လမ်းမြောက်၊ အမှတ်(၃၇/က)နေ ဒေါ်ခင်ငွေးကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၇(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းအောင်(ခ)ဦးဝင်းကျော် (၅၃)နှစ်
**(အကောက်ခွန်)**
**လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကင်းမူလတန်းကြိုကျောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄၂/အေ-၁) နေ (ဦးကျော်လှိုင်-ဒေါ်စောခင်)တို့၏သား၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁၀/၇၆)နေ (ဦးပန်စိန်)-ဒေါ်သန်းတင်တို့၏သားသမက်၊ ဒေါ်အေးအေးမွန်၏မောင်၊ ဦးသက်နိုင်-ဒေါ်အေးအေးရွှေ၊ ဦးကျော်မျိုး-ဒေါ်အေးအေးလွင်၊ ဦးသိန်းထွဏ်း-ဒေါ်ဇင်လေးတို့၏ အစ်ကို၊ မယွန်းယမုံ၊ မကြည်ဖြူစင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အေးအေးမော် (ရေ/သန့်ဌာန၊ စည်ပင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၂-၂၀၁၇(အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီနှင့် ပန်းဆိုးတန်းသမ္မန်ဆိပ်မှ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်မည်



နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ အစည်းအဝေးသည် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်အောင် မြင်မြင်ဖြင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တတိယအကြိမ် ညှိနှိုင်း အစည်းအဝေးဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၁၂ ရက် စတင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များမှာ ဒီဇင်ဘာ ၂၀ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

၂၀၁၈ ရာသီ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်း အပါအဝင် ရန်ကုန်၊ ရတနာပုံ၊ ဧရာဝတီ၊ ရခိုင်၊ မကွေး၊ ဟံသာဝတီ၊ ဇွဲကပင်၊ Southern၊ GFA နှင့် တန်းတက်အသင်းများဖြစ်သော မြဝတီနှင့် စစ်ကိုင်းယူနိုက်တက်အသင်း စုစုပေါင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁)ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းယူနိုက်တက် (ယခင်မဟာယူနိုက်တက်)အသင်းနှင့် ရခိုင်အသင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့**

## ဘူးသီးတောင်တွင် လူနာ ၅၀၀၀ ကျော်အား အခမဲ့ ဆေးကုသပေး

**ဘူးသီးတောင် ဒီဇင်ဘာ ၂၀**

ဘူးသီးတောင် ပြည်သူ့ဆေးရုံကြီးတွင် အခြေစိုက်သည့် ရွေ့လျားဆေးကုသရေးအဖွဲ့ (Mobile Team) က ဝေးလံသော ကျေးလက်ဒေသများသို့ နယ်လှည့်ဆေးကုသပေးလျက်ရှိရာ လူနာပေါင်း ၅၀၀၀ ကျော်အား အခမဲ့ ဆေးကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်က တောင်ဘဇာ တိုက်နယ်ဆရာဝန်ပါ၊ ယခု ဘူးသီးတောင်ဆေးရုံမှာ တွဲထားပါတယ်၊ ကျွန်တော်တို့ Mobile Team အနေနဲ့ မြို့ပေါ်မှာ ငါးဖွဲ့၊ စေတီပြင်မှာ တစ်ဖွဲ့ရှိပါတယ်၊ ဒီအဖွဲ့ ခြောက်ဖွဲ့က ပြီးခဲ့တဲ့ ဇူလိုင် ၁၄ ရက်ကစပြီး ဝေးလံတဲ့ ကျေးလက်ဒေသတွေမှာ နယ်လှည့် ဆေးကုသပေးလျက်ရှိရာ ယခု အချိန်အထိ လူနာပေါင်း ၅၅၂၉ ဦးကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017